# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 May 2023 ၁၁၀၈၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang အား လက်ခံတွေ့ဆုံ

## နိုင်ငံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် မေ ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပထမဆုံးအကြိမ်**

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ခရီးစဉ်လာရောက်ခြင်းမှာ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang အား လက်ခံတွေ့ဆုံစဉ်။

### ယနေ့ ဖတ်စရာ


**အေးချမ်းဖွေရှာ ဤမြေကမ္ဘာကို ငြိမ်းစေသည်က လေးပါးပြဟ္မစိုရ်**

ဆောင်းပါး

စာမျက်နှာ » ၆

**ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော် စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၉

**၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလှူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ**

စာမျက်နှာ » ၁၁

ကြေးမုံ

# ကဆုန်လပြည့် ထူးမြတ်သည့်ဗုဒ္ဓနေ့

ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် လတကာတို့တွင် ကဆုန်လကို အမွန်မြတ်ဆုံးသောလဟု မှတ်ယူထားကြသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကဆုန်လမှာပင် (၁) ဖွားမြင်တော်မူခဲ့သည်။ (၂) ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ (၃)ဗုဒ္ဓဝင်အကျဉ်း ဟောတော်မူခဲ့သည်။ (၄) ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် လတကာတို့ထက် အလေးအနက်ပြုကြလျက် လေးစားမြတ်နိုးကြသည်။ အကြောင်းမှာ မြတ်စွာဘုရားရှင်၏ အကြောင်းအရာအချက်အလက်တို့သည် ဤကဆုန်လကို မဏ္ဍိုင်ပြုလျက်ရှိသောကြောင့်တည်း။

ကပိလဝတ်ပြည် ဘုရင်သုဒ္ဓေါဒနနှင့် မဟာမာယာဒေဝီတို့၏ သားမြတ်ရတနာ သိဒ္ဓတ္ထမင်းသားကို မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့ဝယ် ချမ်းမြေ့စုံညီ လုမ္ဗိနီဥယျာဉ်၌ ဖွားတော်မူခဲ့သည်။ သိဒ္ဓတ္ထမင်းသား ဖွားတော်မူပြီး သက်တော်(၁၆)နှစ် ပျိုမျစ်သည့်အရွယ်တွင် သုံးသွယ်ရွှေနန်း ထီးနန်းကို ၁၃ နှစ်စံတော်မူသည်။ သက်တော် (၂၉) နှစ်ရောက်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်လေးမျိုးကို နတ်တို့ပြသောကြောင့် ရွှေစိတ်ငြင်ပြီ သံဝေဂဖြစ်ကာ ဝါဆိုလပြည့် တနင်္လာနေ့တွင် တောထွက်တော်မူသည်။ တောရပ်မြိုင်တွင် ခြောက်နှစ်တရားကျင့်၍ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရားဖြစ်သောအခါ ကျွတ်ထိုက်သူ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ကို ဒုက္ခကင်းငြိမ်းရာ မြတ်နိဗ္ဗာန်သို့ ပို့ဆောင်ပေးတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၄၈ ခု၊ သက်တော် ၈၀၊ ဝါတော် ၄၅ ဝါ၊ မလ္လတိုင်း ကုသိနာရုံ အင်ကြင်းတောဝယ် ကဆုန်လပြည့် အင်္ဂါနေ့၌ တပည့်ရဟန်းတို့အား “ရဟန်းတို့ သင်တို့အားမှာကြားခဲ့အံ့၊ ပြုပြင်ပေးရသော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏၊ မမေ့မလျော့ သတိထားကြကုန်” ဟု နောက်ဆုံးစကား မှာကြားပြီး ပရိနိဗ္ဗာန်စံတော်မူသည်။ နောက်ဆုံးစကားဟူသည်မှာ လွန်စွာအရေးကြီးသဖြင့် ကောင်းစွာသိရန် လိုအပ်သည်။ ဤသို့ မြတ်ဗုဒ္ဓ၏ ထူးမြတ်သော အကြောင်းခြင်းရာလေးခုဆုံသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဗုဒ္ဓရှင်တော်ဘုရား၏ နောက်ဆုံးစကားကို အလေးအနက်ပြုကြရန်လိုပေသည်။

ကဆုန်လသည် ရှေးအခါကာလကတည်းက “တန်ခူးကဆုန်ဆွေ့ဆွေ့ခုန်” သကဲ့သို့ ပူပြင်းခဲ့သည်။ ယနေ့ကာလတွင်လည်း ကဆုန်လသည် အပူဆုံးစံချိန်ကို ဆက်လက်ထိန်းသိမ်းထားသည်။ မည်သို့ပင်ပူပါစေ ထေရဝါဒဗုဒ္ဓဘာသာဝင်မြန်မာတို့သည် ကဆုန်အပူကိုအန်တု၍ ထူးမြတ်သည့် ကဆုန်လ၏ မြတ်ဗုဒ္ဓဂုဏ်ကို နှလုံးသွင်းသည်။ ကဆုန်အပူကို ကုသိုလ်ရေအေးဖြင့် ငြိမ်းသတ်ပေးသည်။ မြတ်ဗုဒ္ဓ၏ကိုယ်ပွား ပရိဘောဂစေတီ ဗောဓိပင်ကို ရေစင်အေးအေး သွန်းလောင်းပေးသည့် ရှေးအစဉ်အလာမပျက် ဤနေ့ရောက်တိုင်း နိုင်ငံတစ်ဝန်း သွန်းလောင်းကြသည်။ အပူပြင်းဆုံး ကဆုန်လတွင် ခြောက်သွေ့ညှိုးရော်နေသော အပင်မြတ်ကို ရေစင်ရေအေးသွန်းလောင်းပေးခြင်းသည် လျော်ကန်သင့်မြတ်သလို ထူးကဲသည့် ကုသိုလ်တစ်မျိုးဖြစ်သည်။ ရေစင်သွန်းလောင်းပေးသဖြင့် ဗောဓိပင်တော် အညွန့်တလူလူဝေသလို နိုင်ငံတော်လည်း အညွန့်တလူလူဝေရန် ရည်ညွှန်းလိုသည်။

ရှေးအခါက မြန်မာတို့သည် အစဉ်အလာအားဖြင့် ဤကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော် ဆင်နွှဲကြသည်။ မျက်မှောက်ကာလတွင်လည်း ရှေးအစဉ်အလာမပျက် ညောင်ရေသွန်းပွဲကို ဆင်နွှဲကြသည်။ ကဆုန်လကို မြတ်စွာဘုရားနှင့် စပ်လျဉ်း၍ ကျယ်ပြန့်စွာလေ့လာကြပြီးလျှင် “ဗုဒ္ဓနေ့” အဖြစ်နှင့်တွဲဖက်ကာ ဆင်နွှဲကျင်းပကြလျှင် ပို၍ထူးကဲမွန်မြတ်ပေမည်။ ဤတွင် မြတ်စွာဘုရားရှင်ဖြစ်တော်မူစအခါကာလက ရှေးဦးစွာ ကျူးရင့်တော်မူသော ပထမဗုဒ္ဓဝစနနှင့် နောက်ဆုံးမှာကြားသော ပစ္ဆိမဗုဒ္ဓဝစနမျှကိုပင် ပါဠိ-အနက် မှန်စွာရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ပြီး ထိုတရားစကားတော်အတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် ပို၍အဓိပ္ပာယ်အနှစ်သာရ ရှိလိမ့်မည်ဖြစ်သည်။ သို့မှသာ ညောင်ရေသွန်းပွဲတော်၏ ကောင်းမြတ်သော ရည်ရွယ်ချက်လည်း ပေါ်လွင်လာမည်။

မျက်မှောက်ကာလ၌ ပကာသနအခမ်းအနားဟူသည်မှာလည်း စင်စစ်အားဖြင့် ရှိသင့်ပါသည်။ သို့မှသာ လူအများ စိတ်တက်ကြွမှုကိုရစေပြီး စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ရှိပေလိမ့်မည်။ သို့ရာတွင် အရေးကြီးဆုံးမှာ မြတ်ဗုဒ္ဓ၏ဖြစ်တော်စဉ် အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ပါဝင်ထူးမြတ်သည့် ကဆုန်လပြည့်ဤနေ့အခါ၌ “ဗုဒ္ဓနေ့” အဖြစ် စိတ်ဝယ်ရည်မှန်း၍ မြတ်စွာဘုရားရှင် မိန့်ကြားတော်မူသည့်အတိုင်း ကျင့်ကြံအားထုတ်၍ ဘဝသံသရာအနှောင်အဖွဲ့မှ လွတ်မြောက်ရေးကို ကြိုးပမ်းအားထုတ်သင့်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




**နေပြည်တော် မေ ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦးကျောင်းတိုက်နှင့် လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတဝန်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အောင်ပါရမီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ အရှင်ဥတ္တမသာရပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ အောင်သီတာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာသုဗောဓာရုံကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိရတနာသိဒ္ဓိကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မြောက်ဥယျာဉ်တိုက်သစ်ကျောင်းတိုက်၊ ချမ်းမြသာစည်မြို့နယ်ရှိ အောင်မြေရွှေဘုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိမင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ကန်ကြီးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက်တာဝန်ရှိသူများကသွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းပန်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်း၊ အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ကောင်းထက်အောင်နှင့် တာဝန်ရှိသူများက မိုင်းပန်မြို့နယ် သုံးမိုင်ဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုး တို့ကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂ - ၅ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၇,၉၀၀ | ၄၀ | ၃၂၂,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၀၀ | ၄,၁၀၅ | ၁၁,၇၅၂,၀၅၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၇၆၇ | ၅,၃၆၉,၀၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၂,၀၀၄ | ၂,၉၀၅,၈၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၂၇ | ၆၈,၈၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၂**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၉၉.၇ ( |
| ဂ )တရုတ် | တစ်ယွမ် | = | ၃၀၃.၈၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၃၇၇ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၀.၄၃ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၄၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၄.၁ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၁.၇ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၂၈.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၆.၄၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Qin Gang တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

✻ **ရှေ့ဖုံးမှ**

ထမ်းဆောင်ချိန်တွင် ပထမဆုံးအကြိမ်အဖြစ် လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်မှုမှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ပြနေသည်သာမက တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်နေမှုကို ပြသခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းနောက် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ကုန်သွယ်မှုများ မြှင့်တင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နိုင်ငံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Qin Gang တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

# မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၂ ရက်မှ ၄ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

ခရီးစဉ်အတွင်း မေ ၂ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ချင်ကန်းတို့ ဦးဆောင်၍ မြန်မာ-တရုတ်နှစ်နိုင်ငံ ဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။



နှစ်နိုင်ငံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအကြား အကောင်အထည်ဖော် လျက်ရှိသည့် စီမံကိန်းများနှင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်မှ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံ၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ကုလသမဂ္ဂတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**

❍ ကျောဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကို၊ ဒေါက်တာ ပွင့်ဆန်း၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကူးစက်မှုဖြစ်ပေါ်ခဲ့**

ဦးစွာ ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဧပြီ ၁ ရက်မှစ၍ မြန်မာနိုင်ငံအတွင်း၌ အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားနေသော အိုမီခရွန်မျိုးကွဲ Arcturus (အာတူးရပ်စ်)XBB.1.16 စတင်ကူးစက်မှုရှိသည်ကို စောင့်ကြည့်မှုအရ တွေ့ရှိရပြီး သင်္ကြန်ကာလနောက်ပိုင်းတွင် ပိုမိုကူးစက်မှုအနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ သို့သော်လည်း ယခင်ဖြစ်ပေါ်ခဲ့သည့် အိုမီခရွန် ကူးစက်မှုအနေအထားများနှင့် နှိုင်းယှဉ်ပါက စိုးရိမ်ဖွယ်ရာမရှိသည်ကို တွေ့ရှိရပြီး ဧပြီ ၁ လအတွင်း ဧပြီ ၂၉ ရက်တွင် ရောဂါပိုးတွေ့ရှိသူ ၁၃၀၊ ကူးစက်မှုနှုန်း ၁ ဒသမ ၁၄ ရာခိုင်နှုန်းအထိ အမြင့်မားဆုံး ကူးစက်မှုဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရကာ ကျန်သည့်ရက်များတွင် ကူးစက်မှုနှုန်းသည် တစ်ရာခိုင်နှုန်းအောက်သာ ရှိသည်ကို တွေ့ရှိရကြောင်း၊ ကူးစက်ခံရသူများအနက် သေဆုံးမှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်ဦးရှိခဲ့ကြောင်း၊ ဧပြီ ၁ ရက်မှ မေ ၁ ရက်အထိ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်ကူးစက်ခံရသူ ၉၀၃ ဦးခန့် ကူးစက်ခံခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်ဖြစ်သည့် Arcturus သည် သက်ဆိုင်ရာပညာရှင်များ၏ သုံးသပ်ချက်များအရ ယခင်ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်မျိုးကွဲများလောက် ပြင်းထန်မှုမရှိဟု သုံးသပ်ထားကြကြောင်း၊ ထူးခြားချက်အနေဖြင့် ရောဂါပိုးတွေ့ရှိသူအများစုတွင် မျက်စိနာခြင်း၊ နားကိုက်ခြင်းများ ဖြစ်ပေါ်ကြသည်ကို ထူးခြားချက်တစ်ခုအဖြစ် မှတ်သားတွေ့ရှိရပြီး ဆက်လက်လေ့လာဆန်းစစ်၍ အသိပညာပေးမှုများ ဆောင်ရွက်ရာတွင် ထည့်သွင်းဖော်ပြသွားရန်လိုကြောင်း။

**စိုးရိမ်ဖွယ်ရာမရှိ**

ယနေ့ မိမိတို့ ကော်မတီအစည်းအဝေး ပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ် Arcturus ဖြစ်ပွားလျက်ရှိသည်ဖြစ်သော်လည်း ဖြစ်ပွားမှုနှုန်း မြင့်တက်မှုမရှိစေရေး စောင့်ကြည့်ရန်၊ ထိန်းချုပ်ရန်၊ အသိပညာပေးရန်၊ ရောဂါဖြစ်ပေါ်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို အလျင်အမြန် တုံ့ပြန်ဆောင်ရွက်သွားရန်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယခုတွေ့ရှိရသည့် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအား ကုသရာတွင်လည်း ယခင်ကိုဗစ်-၁၉ မျိုးကွဲများ ကုသရာတွင် အသုံးပြုသည့် ဆေးဝါးများဖြင့် ဆက်လက်ကုသနိုင်ကြောင်း သိရသဖြင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ ကာကွယ်ဆေးများကို မှန်မှန်ကန်ကန် ဆက်လက်ထိုးနှံသွားရန်၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ယခင်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စိုးရိမ်ရခြင်းမရှိဟု ဆိုရာတွင်လည်း ပေါ့ဆ၍ရမည်မဟုတ်ကြောင်း၊ စတင်ဖြစ်ပေါ်ကတည်းကပင် နိုင်နိုင်နင်းနင်း ဖိဖိစီးစီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးနှင့် ပတ်သက်၍ Test Kit လိုအပ်ချက်များ၊ အောက်ဆီဂျင် လိုအပ်ချက်များ ပြည့်စုံမှု ရှိ၊ မရှိ၊ Quarantine စင်တာများ အသင့်ဖြစ်မှု စသည်တို့ကို စစ်ဆေးဆောင်ရွက်၍ အသင့်ပြင်ထားကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည့်ဆေးဝါးများ လုံလောက်မှုရှိစေရေးနှင့် ကာကွယ်ဆေးထိုးနှံမှု အကြိမ်ရေပြည့်မီမှုရှိစေရေး စသည်တို့ကို ဆွေးနွေး၍ မိမိတို့ ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းများကို ပြန်လည်စတင်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လွန်ခဲ့သည့် ၂၈ ရက်အတွင်း ကမ္ဘာတစ်ဝန်း၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံအလိုက် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုအခြေအနေများအား နှိုင်းယှဉ်တင်ပြချက်၊ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ် XBB.1.16 (Arcturus) ကူးစက်မှု၊ မြန်မာနိုင်ငံတွင် လတ်တလော ဖြစ်ပေါ်နေသည့် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Variants စစ်ဆေးတွေ့ရှိရမှု၊ ပြည်တွင်းကူးစက်ဖြစ်ပွားသူများနှင့် ပြည်ပပြန်များတွင် ရောဂါပိုးတွေ့ရှိရမှု၊ လွန်ခဲ့သည့် ၁၄ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိရမှု၊ ၂၀၂၃ ဧပြီလအတွင်း ကိုဗစ်–၁၉ ရောဂါ အစုလိုက်ဖြစ်ပွားကူးစက်မှု၊ ရောဂါပိုးတွေ့ရှိရသူများအား သီးခြားထားရှိမည့် အစီအစဉ်များ၊ ဦးတည်အသက်အုပ်စုအလိုက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအခြေအနေများ၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးသိုလှောင်ထားရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လက်ရှိ ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေများကို သုံးသပ်ချက်များနှင့် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ပြည်သူလူထုသို့ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေးတိုက်တွန်းနှိုးဆော်ချက်များတွင် ပါရှိသင့်သည့် လိုက်နာဆောင်ရွက်ရန်အချက်များကို Powerpoint presentation ဖြင့် ရှင်းလင်းတင်ပြသည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်ကဏ္ဍများအလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လိုအပ်သည့် ဆေးဝါးများ၊ အောက်ဆီဂျင်နှင့် ကာကွယ်ရေးပစ္စည်းများ ပြည့်မီမှုရှိစေရေး၊ ကာကွယ်ဆေးထိုးနှံမှု အကြိမ်ရေပြည့်မီမှုရှိစေရေးနှင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် အိုမီခရွန်ဗီဇပြောင်း မျိုးကွဲအသစ်နှင့် ပတ်သက်၍ အသိပညာရရှိစေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်–၁၉ တတိယလှိုင်းကာလအတွင်း စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ခဲ့မှုနှင့် လက်ရှိကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင်လည်း ပါဝင်နိုင်ရေး နှိုးဆော်ထားရှိမှု၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံများမှ အောက်ဆီဂျင်ထုတ်လုပ်နိုင်မှုနှင့် အောက်ဆီဂျင်လိုအပ်ချက်အား ကျန်းမာရေးဝန်ကြီးဌာန၏ လိုအပ်ချက်အတိုင်း ပြည့်မီအောင်ထုတ်လုပ်နိုင်ရေး အသင့်ပြင်ဆင်ထားရှိမှု၊ လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် မြန်မာနိုင်ငံတို့၌ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ် Arcturus ကူးစက်ခံရမှုများနှင့် သုံးသပ်တွေ့ရှိရမှု၊ ကာကွယ် ထိန်းချုပ် ကုသနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကုသရေးဆေးရုံများ၊ Quarantine Center များကြိုတင်ပြင်ဆင်ထားရှိမှု၊ နယ်စပ် ဝင်၊ ထွက်ဂိတ်များမှ ဝင်ထွက်သွားလာမှုများကို ကိုဗစ်–၁၉ ကန့်သတ်ချက်များအညီဖြစ်စေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ် XBB.1.16 (Arcturus)သည် ယခင်ကူးစက်ဖြစ်ပွားလျက်ရှိသည့် XBB.1 နှင့် XBB.1.15 တို့ထက် ကူးစက်မှုနှုန်း မြန်ဆန်သည်ဖြစ်သော်လည်း ရောဂါလက္ခဏာပိုမိုပြင်းထန်မှုမရှိသည်ကို လေ့လာသုံးသပ်ချက်များအရ တွေ့ရှိရမှု၊ ထိုသို့တွေ့ရှိရမှုများအရ ခရီးသွားလာမှုများ၊ လူစုလူဝေးဆောင်ရွက်မှုများကို ကန့်သတ်ဆောင်ရွက်ရန်အထိ တင်းကျပ်ဆောင်ရွက်ရန်မလိုဘဲ လူတစ်ဦးချင်းစီ၏ အသိစိတ်ဓာတ်ဖြင့်သာ ကာကွယ်ဆောင်ရွက်နိုင်ကြောင်းကို သုံးသပ်တွေ့ရှိရမှု၊ လူတစ်ဦးချင်းစီ၏ ကာကွယ်ဆေးထိုးနှံမှုမှတ်တမ်းများကို လွယ်ကူစွာသိရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများ စနစ်တကျရှိစေရေး ကျပ်မတ်ဆောင်ရွက်လျက်ရှိမှု စသည့် အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

**ကူးစက်မှုနှုန်းအများဆုံး**

ထို့နောက် ကိုဗစ် – ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က စိစစ်ချက်အရ ရန်ကုန်တိုင်းဒေသကြီးသည် တစ်လအတွင်း ၅၃၉ ဦးဖြင့် ကူးစက်မှုနှုန်း အများဆုံးဖြစ်ပြီး ကရင်ပြည်နယ်တွင် ၁၉၆ ဦးဖြင့် ဒုတိယအများဆုံးဖြစ်သဖြင့် ကူးစက်မှုနှုန်းထပ်မံတိုးမြင့်မလာစေရေး စနစ်တကျထိန်းချုပ် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ဝင်ပေါက်များတွင် ဝင်ရောက်လာသူမှန်သမျှကို ကိုဗစ်–၁၉ ရောဂါစစ်ဆေးမှုများ မပျက်မကွက် ဆောင်ရွက်ရန်လိုပြီး ရောဂါပိုးတွေ့ရှိရသူများကို သတ်မှတ်နေရာများသို့ ပို့ဆောင်၍ ကုသမှုများ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခင်ဖြစ်စဉ်များတွင် အစုအဖွဲ့အများဆုံးဖြစ်ပြီး ရောဂါပိုးတွေ့ရှိပါက ကူးစက်မှုအများဆုံးဖြစ်သည့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ စာသင်တိုက်များ စသည်ကဲ့သို့ အစုအဖွဲ့များရှိသည့် နေရာများ၌ ကူးစက်မှုများဖြစ်ပေါ်ပါက ဆက်နွယ်နေသူများအားလုံးကို ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်ရန်လိုကြောင်း၊ ကာကွယ်ထိန်းချုပ်ကုသရေးပစ္စည်း လိုအပ်ချက်များကိုလည်း အမြဲမပြတ် စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာကြသူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**“ယခုတွေ့ရှိရသည့် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအား ကုသရာတွင်လည်း ယခင်ကိုဗစ်-၁၉ မျိုးကွဲများကုသရာတွင် အသုံးပြုသည့် ဆေးဝါးများဖြင့် ဆက်လက်ကုသနိုင်ကြောင်း သိရသဖြင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ ကာကွယ်ဆေးများကို မှန်မှန်ကန်ကန် ဆက်လက်ထိုးနှံသွားရန်၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ယခင်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စိုးရိမ်ရခြင်းမရှိဟု ဆိုရာတွင်လည်း ပေါ့ဆ၍ရမည်မဟုတ်ကြောင်း၊ စတင်ဖြစ်ပေါ်ကတည်းကပင် နိုင်နိုင်နင်းနင်း ဖိဖိစီးစီး ဆောင်ရွက်သွားကြရမည်”**



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Qin Gang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မေ ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Qin Gang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင် သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၁၁ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက် )

**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ မင်းစောမွန်လမ်း၊ အိမ်အမှတ် (၁/ဃ/၁) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]**ကို ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]**၏ မှတ်ပုံတင်အမှတ်မှာ ( ၆ ) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၁၂ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက် )

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI–LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာအုပ်စု၊ အာလဝီကုန်းရပ်၊ အလ၀-၁၃ တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI–LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]** ကို ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI–LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]**၏ မှတ်ပုံတင်အမှတ်မှာ ( ၇ ) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မေ ၂**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် အောက်ပါအဖွဲ့ နှစ်ဖွဲ့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည် -

(၁) ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)

(၂) ဒီမိုကရက်တစ်ပါတီ

ပါတီတည်ထောင်ခွင့်ရရှိသော ဖော်ပြပါအဖွဲ့နှစ်ဖွဲ့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ငါးပါတီဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-Ni Solidarity Party (S.S.P)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၁၃ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက် )

**ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan–Ni Solidarity Party (S.S.P)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အေးသာယာရပ်၊ မြို့ပတ်လမ်း၊ အမှတ် (၁/၈၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan–Ni Solidarity Party (S.S.P)]** ကို ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan–Ni Solidarity Party (S.S.P)]** ၏ မှတ်ပုံတင်အမှတ်မှာ ( ၈ ) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၁၄ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက် )

**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ (၈)ရပ်ကွက်၊ (၅)လမ်း၊ အမှတ် (၂၅၄) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**ကို ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**၏ မှတ်ပုံတင်အမှတ်မှာ ( ၉ ) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## လှည်းကူးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများ သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**လှည်းကူး မေ ၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်း မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဝါးနက်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် လှည်းကူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက စီမံကိန်းအကြောင်းအရာများနှင့်ပတ်သက်၍ စီမံကိန်းတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်နှင့် အကြံပြုချက်များကို ဆွေးနွေးဖော်ထုတ်ကြရန် ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ မြစိမ်းရောင်စီမံကိန်း ဂုဏ်ပြုဆုကို ကျေးရွာသုံးရွာအား ပေးအပ်ချီးမြှင့်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီများက စီမံကိန်းကာလတစ်လျှောက် တွေ့ကြုံခဲ့ရသည်များကို အဖွဲ့လိုက် ဆွေးနွေးကြကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အေးချမ်းဖွေ့ရာ ဤမြေကမ္ဘာကို ငြိမ်းစေသည်က လေးပါးဖြဟ္မစိုရ်

ဒေါက်တာ မြတ်မိုး

မြန်မာလူမျိုးအများစုကား ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ဗုဒ္ဓ၏ နေ့ထူးနေ့မြတ်များအနက် ကဆုန်လပြည့်နေ့သည် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်အပေါင်း အထူးအလေးအမြတ်ပြုပူဇော်ရာ အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့တစ်နေ့အဖြစ် ထင်ရှားသည်။ ထူးခြားသောဤနေ့ကို ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ဗုဒ္ဓဘာသာဝင်တို့အတွက် လေးစားဂုဏ်ယူဖွယ်ရာ နိုင်ငံတကာရုံးပိတ်ရက်တစ်ရက်အဖြစ် သတ်မှတ်ခဲ့သည်မှာ ၁၉၉၉ ခုနှစ်ကတည်းက ဖြစ်သည်။



## ထူးခြားသောဂုဏ်ဒြပ်များဖြင့် တိုက်ဆိုင်သော နေ့ထူးနေ့မြတ်အခါတွင်

ဘုရားဖြစ်မည်ဟု နိယတဗျာဒိတ်တော်ခံယူတော်မူခဲ့သော၊ ဗျာဒိတ်တော်လာအတိုင်း ဘုရားလောင်း သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခဲ့သော၊ သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားပွင့်တော်မူခဲ့သော၊ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူခဲ့သောနေ့များအားလုံးသည် ထူးထူးခြားခြားဖြစ်လောက်အောင် တိုက်ဆိုင်နေ၍ နေ့ထူးနေ့မြတ်တစ်ခုအဖြစ် ပူဇော်အပ်သောဂုဏ်ဒြပ်တို့ဖြင့် ပြည့်စုံလှသည်။

ကမ္ဘာ့လူသားတို့အပေါ် အလိုအပ်ဆုံးသော ကာယ၊ စိတ္တ နှစ်ဖြာသောသုခကို ပေးစွမ်းနိုင်ခြင်းတည်းဟူသော ဂုဏ်ဒြပ်၊ မေတ္တာစွမ်းအားဖြင့် ဓမ္မကအဓမ္မကို အနိုင်ယူခဲ့သော မြတ်ဗုဒ္ဓဘုရားရှင်၏ ကျေးဇူးတော်ကို အမှူးပြု၍ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုအပေါ် ပေးစွမ်းထောက်ကူနိုင်သော လက္ခဏာများဖြင့် ပြည့်စုံခြင်းဟူသော ဂုဏ်ဒြပ်ဤကောင်းကျိုးအမှတ်အသားများကြောင့် မြန်မာတို့ အထူးအမြတ်ထားရာ ဤကဆုန်လပြည့်နေ့ကို ကမ္ဘာ့ဗုဒ္ဓဘာသာနေ့တစ်နေ့အဖြစ် သတ်မှတ်ခြင်းခံရသည်ဟု မှတ်သားမိသည်။

ဤသို့မှတ်ယူမှုနှင့် အသိအမှတ်ပြုမှုကို ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်အားလုံး တန်ဖိုးထားလေးစားဂုဏ်ယူသင့်ကြသည်။ ကျေးဇူးရှင် မြတ်စွာဘုရားနှင့် ကျေးဇူးတော်ရှင် ဆရာတော်၊ သံဃာတော်ကြီးများ၏အဆုံးအမ ဟောကြားဓမ္မတရားများကို လေးစားနာယူ လိုက်နာကျင့်သုံးခြင်းဖြင့်လည်းကောင်း၊ လူသားအချင်းချင်း တစ်ဦးအပေါ်တစ်ဦး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရတရားလေးပါးကို အခြေခံကာ မိသားစုညီအစ်ကိုမောင်နှမများပမာ ကူညီစောင့်ရှောက်ကြခြင်းဖြင့်လည်းကောင်း ငြိမ်းချမ်းသာယာသော ဤလူ့အဖွဲ့အစည်း ဤကမ္ဘာကြီးကို ကောင်းစွာတည်ဆောက်သင့်ကြပြီဟု ခံယူမိသည်။

## အရာအားလုံးအတွက်ဓမ္မဖြင့်သာ အားပေးလျက်

**ကမ္ဘာအနှံ့၊ နေရာအနှံ့ လုံခြုံမှုစိတ်ချရမှု အားနည်းနေခိုက်အခါသမယတွင် အားလုံးအတွက် အေးချမ်းမှုကိုသာ ပေးချင်ပါသည်။ ဗုဒ္ဓ၏ဓမ္မတရားများကို ရင်ထဲ၊ နှလုံးသားထဲ ထူးကဲစွဲ၍ သတိမြဲမြံ၊ အသိမှန်ဖြင့် လိုက်နာဆောင်ရွက်စေလို၍ လောကီနယ်ဝယ် အကျိုးထူးအောင် ပူဇော်ပေးချင်သည့် ဆန္ဒအမှန်သာဖြစ်ပါသည်။ မငြိမ်းချမ်းမှု၊ ပူပန်မှု၊ သောကဗျာပါဒများထဲဝယ်ခေတ္တခဏလေးပဲဖြစ်ဖြစ် ငြိမ်းချမ်းမှုကို ရှာတွေ့စေချင်သည်၊ ပူပန်မှုများ လျော့စေလိုသည်၊ သောကများကင်းစေလိုသည်၊ ဗျာပါဒများ ဝေးစေလိုသည်။ မည်သည့်အရာပဲ လုပ်လုပ် ငြိမ်းငြိမ်းချမ်းချမ်းလေးဖြင့် အောင်မြင်ပြီးမြောက်သွားစေလိုသည်။ ကြိုးစားသမျှ အရာ ထင်စေချင်သည်။ စိတ်ဓာတ်ကျနေသူများကို မှတ်သားမိသမျှ မြတ်တရားဖြင့် စိတ်ဓာတ်များ ပြန်လည်မြှင့်တင်ပေးချင်သည်။ ထို့ကြောင့်လည်း ဓမ္မဖြင့် အကောင်းဆုံးလှူဆော်နေခြင်းဖြစ်ပါသည်။**

ခေတ်ကာလအခြေအနေအရ မပြည့်စုံသည့် အခြေအနေတွင် တင်းတိမ်ရောင့်ရဲနိုင်စွမ်းများ နည်းနေတတ်ကြသည်ကို သတိပြုမိသည်။ အလိုမကျမှု၊ မကျေနပ်မှုများ၊ စိတ်မရှည် အဆင်မပြေမှု၊ ပူလောင်အားငယ်ဝမ်းနည်းစရာများဖြင့် ဒေါသတရားများ ကြီးစိုးနေကြသည်။ လိုချင်ရမ္မက်ဖြင့် လောဘတရားများ အားကြီးနေကြသည်။ ဘယ်အရာ ကုသိုလ်၊ ဘယ်အရာ အကုသိုလ်မှန်းမသိ၊ အမှားအမှန် မခွဲခြား၊ မောဟတရားများဖြင့် ပြည့်နေကြသည်။ တစ်ခါတစ်ရံ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းထက် ကိုယ့်အတွက်ရသည့် အချိန်တိုလေးမှာပင် အကျိုးမရှိခြင်းများနှင့်သာ အချိန်ကုန်နေကြပြန်သည်။

## မငြိမ်းချမ်းမှုကို ပေးစွမ်းသည့် အားနည်းချက်များက ပိုများလာ

လူတိုင်းတွင် ပန်းတိုင်ဆိုသည်မှာ ရှိကြသည်၊ နိုင်ငံတိုင်းတွင် ရည်မှန်းချက်များရှိကြသည်။ ရောက်အောင် သွားနေကြသော်လည်း ဤနေ့ ဤကာလမှာ ခရီးမတွင်သည်က များသည်။ သာယာသည့်လမ်း၊ သန့်ရှင်းသည့်လမ်းကား ရှားလှသည်။ နေရာစုံ၊ နယ်ပယ်စုံတွင် အနှောင့်အယှက်များသာ တွေ့ရတတ်သည်။ ထိခိုက်နစ်နာအောင်၊ ကျရှုံးအောင် တိုက်ခိုက်မှုက များသည်ထက်များလာသည်။ စိတ်ချမ်းသာအောင်၊ ပျော်ရွှင်အောင် ပြောနိုင်၊ လုပ်နိုင်သူများ နည်းလာသည်။ ခင်မင်မှုများနည်းလာပြီး အပေါင်းအသင်းဖြစ်ချင်သူရှားလာသလို တစ်ဖက်သတ်ဖိအားပေးခြင်းများသာ တိုးလာသည်။

ထို့ပြင် အယူစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲများအောက်တွင် လူအများသည် ကိုယ့်ကိုယ်ကိုယ်ယုံကြည်ချက်၊ ခံယူချက်များ နည်းနေတတ်သည်ကို တွေ့လာရသည်။ ကိုယ့်ကိုယ်ကိုယ်ပင် မယုံကြည်သူသည် သူများအပေါ်တွင်လည်း ယုံကြည်မှုမည်သို့မျှ မပေးနိုင်၊ နားလည်မှုပေးနိုင်စွမ်းလည်း လျော့ပါးလာမည်မှာသေချာသည်။ ယုံကြည်နားလည်နိုင်စွမ်း မရှိသည့်အခါ စည်းလုံးညီညွတ်မှုလည်း အားနည်းလာသည်။ ထိုအခါ အပြုသဘောအားနည်းလာပြီး အကောင်းမြင်သဘောတရားများလည်း ဆိတ်သုဉ်းလာလေတော့သည်။

တစ်ဖန် အကောင်းမမြင်မှုက အဆုံးမှာ အမုန်းကိုသာ ပေးစွမ်းတော့သည်။ ဆိုးရွားညစ်ပတ်သည့် အမှိုက်သရိုက်များဟုဆိုကြသည်။ သွားနေသည့်လမ်းတစ်လျှောက်တွင် သူများချထားသည့် အမှိုက်ကိုလည်း ရှင်းလင်းဖယ်ရှားရသကဲ့သို့ ကိုယ့်ဆီတွင်ရှိနေသည့် အဇ္ဈတ္တအမှိုက်ကိုလည်း မြင်အောင်ကြည့်နိုင်စွမ်းရှိသူ နည်းပါးလာသည်။ ကိုယ်တွင်းအမှိုက်များ စုပုံလာလျှင် ကိုယ်ခန္ဓာကြီးသည်လည်း အမှိုက်ပုံကြီးသာ ဖြစ်သွားတတ်သည်ကို သတိထားရမည်။ သို့မဟုတ်ဘဲ အပြင်အမှိုက်သရိုက်သာမက ကိုယ်တွင်းအမှိုက်များပါ မဖယ်ရှားနိုင်လျှင် တစ်ချိန်တွင် နာလန်မထူနိုင်အောင် ပျက်စီးသွားနိုင်ခြေရှိသည်ကိုလည်း ဆင်ခြင်ထားနိုင်ရမည်။

## ရှောင်ကုသိုလ် ဆောင်ကုသိုလ်ဖြင့် မိမိအတွင်းစိတ်ကိုမိမိအနိုင်ယူ

အဇ္ဈတ္တအမှိုက်က ဗဟိဒ္ဓအမှိုက်ထက် ပိုကြောက်စရာကောင်း၍ မိမိကိုယ်တွင်းအမှိုက်ကို တစ်စချင်း၊ တစ်စချင်း ဦးစွာရှင်းထားသင့်သည်။ စိတ်တွင်ညစ်နွမ်းနေသည့် အဆိပ်အတောက်များကို ဦးစွာဖယ်ရှားနိုင်ရန်ပင်ဖြစ်သည်။ အကုသိုလ်အဆိပ်များနေရာတွင် ကုသိုလ်ဆေးများဖြင့် အစားထိုးဖယ်ရှားနိုင်ရန် အရေးကြီးလှသည်။ လောဘ၊ ဒေါသ၊ မောဟတရားများသည် ပြုမိစေတနာအယူမှန်ဖြင့် ယှဉ်တွဲမှုအပေါ်တည်၍ အကုသိုလ်ဒီဂရီပြင်းအား အမျိုးမျိုးရှိသည်။ အကုသိုလ်ကိုသိ၍ ရှောင်နိုင်လျှင် ရှောင်ကုသိုလ်ဖြစ်ရုံမက ဒါန၊ သီလ၊ ဘာဝနာနှင့် တကွ အခြေခံကျသော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသောတရားများဖြင့်လည်း ဆောင်ကုသိုလ်ဖြစ်နေပါပြီ။ အရာရာမမြဲ၊ ဘယ်အရာမှ ငါ့အလိုမလိုက်အစိုးမရ၊ အရာရာသည် ဖြစ်ပြီးပျက်ပြန် အဖန်ဖန်ဆင်းရဲခြင်းသဘောတည်းဆိုသည်ကို ဘာဝနာပွား၍သာ သိရမြင်ရတတ်သည်ဖြစ်၍ အချိန်လေးရသမျှ တရားအားထုတ်ရှုမှတ်အလေ့အကျင့်လေးကို ပြုလုပ်စေချင်သည့် စေတနာဟူသော စေတသိက်တစ်မျိုးကို စေ့ဆော်မှုအဖြစ်မြင်စေလိုသည်။

## ကြီးမားစွမ်းအားမေတ္တာတရား

ဗြဟ္မစိုရ်တရားလေးပါးတွင် သူ့အကျိုးကို လိုလား၍ သူ့ခံစားချက်ကို ကိုယ့်ဆီမျှဝေယူကာ သူ့အတွက်ပိုပြီး လုပ်ပေးလိုက်ခြင်းမျိုးသည် မေတ္တာဓာတ်ဖြစ်သည်။ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ၊ နေထိုင်ရာကမ္ဘာကြီးအထိ ငြိမ်းအေးစေချင်လျှင် ဦးဆုံးမိမိမှာငြိမ်းချမ်းနေရန်လိုသည်။ မိမိအတွင်း ငြိမ်းအေးနေမှ ပြင်ပကမ္ဘာကြီးက ငြိမ်းချမ်းသာယာမည်။ အားလုံးသောစွမ်းအားများအနက် မေတ္တာစွမ်းအားက အကြီးမားဆုံးစွမ်းအားဟုဆိုကြသည်။ ကိုယ့်မေတ္တာကို ဖြန့်ကြက်နိုင်စွမ်းသည်ပင် မိမိ၏ အအေးဓာတ်ကို မျှဝေခြင်းဖြစ်သည်။ တစ်နည်း သူခံစားရသမျှကို ခံစားနားလည်ပေးပြီး သူ့အကျိုးကို ဆောင်ပေးလိုက်ခြင်းသည်ပင် မေတ္တာစီးဖြန်းပေးလိုက်ခြင်းဟုဆိုသည်။

ဘာဝနာသဘောဖြင့်၊ မေတ္တာပွားခြင်းဖြင့် ဘေးကင်း၊ ရန်ကင်းရှိလာကြပြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲမှုများမှလည်း ဝေးကွာသွားတတ်ကြသည်။ ခန္ဓာဝန်ကိုလည်း ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာဖြင့် ဆောင်ရွက်နိုင်စွမ်းရှိလာကြသည်။ မေတ္တာစိတ်ကို အရပ်မျက်နှာစုံ၌ မျှဝေတတ်ခြင်းက အများ၏ချစ်ခင်မြတ်နိုးမှုကို ရနိုင်စွမ်းပြီး ရန်သူ၏ချစ်ခင်မှုကိုပင်ရနိုင်သည်။ အားလုံး၏အစောင့်အရှောက်ကိုလည်း ရနိုင်ကြသလို သူတစ်ပါးတို့၏ ဖျက်ဆီးခြင်းရန်မှလည်းဝေးကာ မတွေ့မဝေဘဲ ချမ်းချမ်းသာသာဖြစ်ကြရသည်ဟု မှတ်သားဖူးသည်။ မိမိက ဦးစွာပေး၍ မိမိကပြန်ရလိုက်သော မေတ္တာဘာဝနာ၏စွမ်းအားကား အလွန်ကြီးမားလှသည်။

## ပွားများအပ်ရာ ကရုဏာ၊ မုဒိတာနှင့်ဥပေက္ခာ

သူတစ်ပါးဆင်းရဲဒုက္ခရောက်မည်ကို မည်သို့မျှ မလိုလား၊ ဆင်းရဲခြင်းဒုက္ခတွေ့လျှင်ပင် ထိုဆင်းရဲဒုက္ခမှလွတ်ကင်းအောင် သနားကြင်နာစိတ်ဖြင့် ဖယ်ရှားပေးရဲသည့်သတ္တိကား ကရုဏာစွမ်းအားပင်ဖြစ်သည်။ ဤကာလမျိုးတွင် ထိုသို့သောကရုဏာစိတ်ကို ထားနိုင်ကြလျှင်ဖြင့် ကိုယ်ကိုယ်တိုင်လည်း အေးချမ်းနေမည်၊

**ကမ္ဘာအနှံ့၊ နေရာအနှံ့ လုံခြုံမှုစိတ်ချရမှုအားနည်းနေခိုက် အခါသမယတွင် အားလုံးအတွက် အေးချမ်းမှုကိုသာ ပေးချင်ပါသည်။ ဗုဒ္ဓ၏ဓမ္မတရားများကို ရင်ထဲ၊ နှလုံးသားထဲ ထူးကဲစွဲ၍ သတိမြဲမြံ၊ အသိမှန်ဖြင့် လိုက်နာဆောင်ရွက်စေလို၍ လောကီနယ်ဝယ် အကျိုးထူးအောင် ပူဇော်ပေးချင်သည့် ဆန္ဒအမှန်သာဖြစ်ပါသည်။ မငြိမ်းချမ်းမှု၊ ပူပန်မှု၊ သောကဗျာပါဒများထဲဝယ် ခေတ္တခဏလေးပဲဖြစ်ဖြစ် ငြိမ်းချမ်းမှုကို ရှာတွေ့စေချင်သည်၊ ပူပန်မှုများ လျော့စေလိုသည်၊ သောကများကင်းစေလိုသည်၊ ဗျာပါဒများ ဝေးစေလိုသည်။ မည်သည့်အရာပဲလုပ်လုပ် ငြိမ်းငြိမ်းချမ်းချမ်းလေးဖြင့် အောင်မြင်ပြီးမြောက်သွားစေလိုသည်။ ကြိုးစားသမျှ အရာထင်စေချင်သည်။ စိတ်ဓာတ်ကျနေသူများကို မှတ်သားမိသမျှမြတ်တရားဖြင့် စိတ်ဓာတ်များပြန်လည်မြှင့်တင်ပေးချင်သည်။ ထို့ကြောင့်လည်း ဓမ္မဖြင့်အကောင်းဆုံးလှူ့ဆော်နေခြင်းဖြစ်**

စာမျက်နှာ ၇ သို့ ✧

# ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများဖြစ်သည့် “ဆီမီးတိုင်များကိုင်ဆောင်လှည့်လည်ပူဇော်ပွဲ”နှင့် “ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲ”များ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂

ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို ၂၀၂၃ ခုနှစ် မေ ၃ ရက် ညနေပိုင်းနှင့် ညပိုင်းတို့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခမ်းနားထည်ဝါစွာကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းတွင် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို စီစဉ်ကျင်းပသွားမည်ဖြစ်ရာ ညနေ ၆ နာရီ ၄၅ မိနစ်မှစတင်၍ ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲနှင့် ည ၈ နာရီတွင် ကျင်းပမည့် ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲတို့ကို MRTV Farmers’ Channel၊ MRTV Parliament Channel၊ MRTV Sports Channel၊ MWD EDUCATION, KNOWLEDGE & SPORTS Channel၊ TVM Channel၊ Channel LIGHT Channel နှင့် WAF Channel တို့မှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV–HD Channel မှ ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲ စတင်ချိန်မှ ည ၈ နာရီ သတင်းမတိုင်မီအထိ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲကို ည ၈ နာရီ သတင်းများအပြီး ည ၉ နာရီခန့်မှစ၍ ထုတ်လွှင့်သွားမည်ဖြစ်သည်။

ဓမ္မပူဇာသဘင်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ က ငါးပါးသီလချီးမြှင့်ပေးမည်ဖြစ်ပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ က တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးသွားမည်ဖြစ်သည်။

သတင်းစဉ်



ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် (၇၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟင်္သာတခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနောင် ဦးဆောင်၍ သန္နှေနှင့်အရန်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များစုပေါင်း၍ မေ ၂ ရက် နံနက် ၆ နာရီက ဟင်္သာတမြို့ရှိ ဦးပါရဲဘုရားရားဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြစဉ်။

ခရိုင်(ပြန်/ဆက်)

မော်လမြိုင်မြို့နယ် ကျိုက်သလွံစေတီတော်မြတ်ကြီး၌ (၇၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး မေ ၂ ရက် နံနက် ၈ နာရီက ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ခရိုင်(ပြန်/ဆက်)



✧ စာမျက်နှာ ၆ မှ

ဒုက္ခရောက်သူ အများသူငါအတွက်လည်း ဆင်းရဲခြင်း၊ အနှိပ်စက်ခံရခြင်းဘေးဘယာတို့မှ လွတ်ကင်းကြမည်ဟု မြင်မိသည်။

တစ်ခါတစ်ရံ မေတ္တာ၊ ကရုဏာတို့ကား ထားရလွယ်သည်။ မုဒိတာကို ပွားရန်ခက်နေသူက ပိုများသည်။ ကိုယ့်ထက်မြင့်လာလျှင်၊ ကိုယ့်ထက်စည်းစိမ်ဥစ္စာ၊ ပစ္စည်းဂုဏ်ဒြပ်များ ကြွယ်ဝလာလျှင် ဝမ်းမြောက်ခြင်းမဖြစ်၊ မနာလိုငြူစူခြင်းသာ ဖြစ်ရသည့်သဘောကား အတော်များများမှာ တွေ့ရကြုံရတတ်သည်။ မနာလိုခြင်းများနှင့် ပြည့်နေသော ဤလူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးသည် ပျော်ရွှင်ခြင်းတို့နှင့်ကင်းပြီး မည်သည့်အခါမှလည်း ငြိမ်းချမ်းနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ထိုသူပိုင်ဆိုင်သော စည်းစိမ်ချမ်းသာ၊ သူရထားသောဂုဏ်၊ ရာထူးမည်သည့်အခါမှ မရွေ့လျောမဆုံးရှုံးပါစေနှင့်ဟု ပွားများပေးခြင်းတည်းဟူသော မုဒိတာဘာဝနာဖြင့်သာ အားလုံးကို ပျော်ရွှင်ချမ်းသာအောင် ဆောင်ရွက်ပေးနိုင်ကြောင်းကိုလည်း မျှဝေလိုသည်။

နောက်တရားတစ်ခုမှာ ဥပေက္ခာတရားပင်ဖြစ်သည်။ ကိုယ့်အကျိုး မလိုလားလို့လည်း သူ့ကို မမုန်း၊ ကိုယ့်အကျိုးလိုလား၍လည်း သူ့အပေါ် ချစ်ရာမရောက်တတ်၊ ကိုယ်ပြုသည့်ကံ ကိုယ်ပိုင်ဥစ္စာဟု ခံယူထားသည့်အတွက် ချစ်ခြင်း၊ မုန်းခြင်းကင်း၍ ငြိမ်းချမ်းခြင်းသို့ ရောက်ခြင်းသည်ပင် ဥပေက္ခာတရားမည်ပါသည်။ ဆိုလိုသည်မှာ ကိုယ်က မေတ္တာပွားလို့လည်း သူချမ်းသာချင်မှ ချမ်းသာမည်။ ကိုယ်က ကရုဏာထားလို့လည်း သူဆင်းရဲဒုက္ခမှ လွတ်ချင်မှလွတ်မည်။ ကိုယ်မုဒိတာထားတိုင်းလည်း သူ့စည်းစိမ် မဆုတ်ယုတ်ဘဲ ရှိချင်မှရှိမည်။ ကံသာလျှင် ကိုယ်ပိုင်ပစ္စည်းမဟုတ်ပါလားဟု ဆင်ခြင်ခြင်းဖြင့် မိမိကိုယ်တွင်း ငြိမ်းချမ်းခြင်းကို အမှန်ရရှိနိုင်မည်။

> “အားလုံးသော ထိုထိုလေးပါး ဗြဟ္မစိုရ်တရားတို့သည်ကား ငြိမ်းချမ်းကြောင်း ကုသိုလ်တရား၊ လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိသော အဖိုးအနဂ္ဃထိုက်သည့် ဗုဒ္ဓဓမ္မတရားများပင်ဖြစ်သည်။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် သဗ္ဗညုတဉာဏ်တော်ရရှိခဲ့ရာ ဘုရားရှင်ပွင့်ရာ ပရိဘောဂစေတီ ဗောဓိညောင်ပင်ကိုရည်မှန်း၍ ဗောဓိညောင်ပင်ခြေရင်းတွင် နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း ရေသွန်းလောင်းကြခြင်းဖြစ်သည်။ ထိုသို့အစဉ်အလာမပြတ် ကုသိုလ်ယူရေသွန်းလောင်းပက်ဖျန်းခြင်းသည် ယခုကဲ့သို့ ပူပြင်းသောရာသီဥတုတွင် နွမ်းလျှမှုမှ လန်းဆန်းခြင်း၊ ခြောက်သွေ့မှုမှ အေးချမ်းမှုနိမိတ်ကိုဆောင်”

အားလုံးသော ထိုထိုလေးပါးဗြဟ္မစိုရ်တရားတို့သည်ကား ငြိမ်းချမ်းကြောင်း ကုသိုလ်တရား၊ လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိသော အဖိုးအနဂ္ဃထိုက်သည့် ဗုဒ္ဓဓမ္မတရားများပင်ဖြစ်သည်။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် သဗ္ဗညုတဉာဏ်တော်ရရှိခဲ့ရာ ဘုရားရှင်ပွင့်ရာ ပရိဘောဂစေတီ ဗောဓိညောင်ပင်ကို ရည်မှန်း၍ ဗောဓိညောင်ပင်ခြေရင်းတွင် နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း ရေသွန်းလောင်းကြခြင်းဖြစ်သည်။ ထိုသို့ အစဉ်အလာမပြတ် ကုသိုလ်ယူ ရေသွန်းလောင်းပက်ဖျန်းခြင်းသည် ယခုကဲ့သို့ ပူပြင်းသောရာသီဥတုတွင် နွမ်းလျှမှုမှလန်းဆန်းခြင်း၊ ခြောက်သွေ့မှုမှ အေးချမ်းမှုနိမိတ်ကို ဆောင်ပါသည်။

ကုသိုလ်ထက် အကုသိုလ်က ပိုများနေသည့် အခြေအနေတွင် မရထိုက်သည်ကို မယူမိစေဘဲ ရထိုက်သည်ကိုသာ ရမြဲရနေအောင် သုစရိုက်အမှုများကိုသာ ပြုမြဲပြုမိစေရန် ဆင်ခြင်ကြည့်မိပါသည်။ ယခုကဲ့သို့ ကျေးဇူးရှင်မြတ်ဗုဒ္ဓဘုရားအောင်မြင်တော်မူရာ အခါသမယကို အခွင့်ယူ၍ လေးပါးဗြဟ္မစိုရ်တရား အားကိုးထားကာ မတူကွဲပြားမှုများအကြား ညီညီညွတ်ညွတ် ယှဉ်တွဲနေထိုင်နိုင်ကြပါစေဟူ၍ ဓမ္မအမွေဖြင့် ခွန်အားဖြစ်ကြစေရန် ဆန္ဒပြုလိုက်ရပါတော့သည်။ ။

## အောင်စေညွှန်းတဲ့ သွန်းညောင်ရေ

❖ ပါရမီတော်များ ကြွယ်ပွားဖို့
အားဆယ်ပါး ဖြည့်ဆည်းကာ၊
ဇာအလီလီ လောကီဝဋ်ကို
လွတ်ကြောင်းဖွေရှာ၊
ချားရဟတ် ဟန်ပမာ
သံသရာ နွံ့ဝဲ။
အညှီကဲလွန်တဲ့
သည်ဝဲနွံ့ လွတ်အောင်ရုန်းတယ်
ရှုံမုန်းလို့ပဲ။

❖ သံသရာ ဝဋ်အတွင်းရယ်က
လွတ်ကင်းဖို့ လမ်းစရှာ၊
သတိပဋ္ဌာန် မြတ်တရားရယ်နဲ့
မှတ်ပွားဘာဝနာ၊
ကာမဂုဏ် နွံ့အတွင်းမှာလ
ကျုံရင်းနစ် ကိလေသာ
ငြိနေတာ ဖယ်ရှင်း။
ရွှေညောင်တော် ပလ္လင်နန်းမှာလ
စံမြန်းကျင့်ရင်း။

❖ ရွှေညောင်တော် ပလ္လင်နန်းမှာလ
စံမြန်းရင်း မိဋ္ဌာန်ဝင်၊
နွေကဆုန် သာယာလှပါတဲ့
လပြည့်နေ့တွင်၊
ဗျာဒိတ်ရ သဒ္ဒါကြည်လင်
ပါရမီအစဉ် ထင်လင်း။
နှလုံးနုယဉ် ကြင်နာသနားပါတဲ့
သုံးလူ့သခင် ရှင်ဘဂဝါဘုရားရယ်လို့
ထင်ရှားဂုဏ်သင်း။

❖ ရွှေညောင်တော် ပလ္လင်နန်းမှာလ
စံမြန်းလို့ ကျင့်ဖို့ကြုံ
လပြည့်ကဆုန်၊
ထူးထွေတည့် အံ့ဖွယ်စုံ
ဂုဏ်တော်ဖွင့် နေ့ထူး။
တောင်းဆုခြွေ အောင်စေညွှန်းပါလို့
ကောင်းမှုဝေ ညောင်ရေသွန်းတယ်
ရှွန်းမြကြည်နူး။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့် လဟာပြင်ကဇာတ်ရုံ၌ ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့် လဟာပြင်ကဇာတ်ရုံ၌ ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး၊ ရိုက်ကူးထုတ်လွှင့်ပြသရေး၊ ဆုများချီးမြှင့်ရေး၊ ဆုရကောက်နုတ်ချက်များ ပြသရေး၊ အခမ်းအနား ပြင်ဆင်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကျန်းမာရေး၊ မီဒီယာများ နေရာချထားမှုနှင့် ကြီးကြပ်ရေး၊ စင်မြင့်ဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ မီး / အသံ စနစ်များ တပ်ဆင်ပြီးစီးမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မေ ၆ ရက်တွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အဘက်ဘက်မှ လစ်ဟာမှု မရှိစေရေး ကြိုတင်စီမံဆောင်ရွက်ကြရန်၊ အခမ်းအနား တက်ရောက်မည့် အနုပညာရှင်များ စာရင်းကို ရရှိထားပြီးဖြစ်၍ တည်းခိုနေထိုင်စားသောက်ရေး၊ သွားလာရေးကိစ္စရပ်များကို သက်ဆိုင်ရာကော်မတီအလိုက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ထားရန်၊ မသမာသူအဖျက်သမားများက မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကို နည်းမျိုးစုံဖြင့် ပြစ်တင်ဝေဖန်နှောင့်ယှက်မှုများ ရှိလာနိုင်သည့်အတွက် ကြိုတင်စီမံဆောင်ရွက်ရမည့် လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ထားရှိရန်၊ မည်သည့် အနှောင့်အယှက် အတားအဆီးများ ရှိစေကာမူ မိမိတို့၏ စိတ်စေတနာအမှန်ဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အခမ်းအနားကျင်းပမည့် စင်မြင့်ပြင်ဆင်ထားရှိမှု၊ LED နှင့် မီးများတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**သတင်းစဉ်**

■



# ဒုတိယဝန်ကြီး ဦးအေးကျော် သင်တန်းဖွင့်ပွဲများ တက်ရောက်

နေပြည်တော် မေ ၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/ မောင်းနှင်/ ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၂/၂၀၂၃)နှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၂/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုသင်တန်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှု လုပ်ငန်းများ၌ အဆင့်မြင့်နည်းပညာများကို အသုံးချ၍ ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရန် ဝန်ကြီးဌာနမှ စီမံဖွင့်လှစ်သည့်အတွက် သင်တန်းသူ သင်တန်းသားများအနေဖြင့် ထိုက်သင့်သည့် ပညာရပ်အခြေခံကောင်းများ ရရှိမည်ဖြစ်ကြောင်း၊ ယနေ့ တက်ရောက်လာကြသည့် သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချချက်များ အပြန်အလှန်ဆွေးနွေးခြင်းမှ ရရှိသည့် အသိပညာများ၊ ဗဟုသုတများနှင့် ဌာနမှပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းများတွင် သင်တန်းသား သင်တန်းသူ ၅၀ ကို စာတွေ့၊ လက်တွေ့ဖြင့် ရက်သတ္တပတ် ငါးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် နေပြည်တော်၊ မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် မီဒီယာများအနေဖြင့် သတင်းမီဒီယာဌာနတစ်ခုလျှင် သတင်းမီဒီယာသမား(၂)ဦးနှုန်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်)၊ ၀၆၇-၃၄၁၂၁၄၃၊ iprd.crd.npt@gmail.com၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# မျက်ခုံးဖြူ ငှက်ပြာခြောက် ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ထုတ်ဝေ

နေပြည်တော် မေ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာ ကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထား မှတ်ချက်ပြုထားသည့် မြန်မာ့ဒေသရင်း "မျက်ခုံးဖြူ ငှက်ပြာခြောက်" ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို မေ ၄ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ မေ ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော်စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပ



ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆရာတော်၊ သံဃာတော်များက ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသိက်သွန်းလောင်းတော်မူစဉ်။

**ရန်ကုန် မေ ၂**

သာသနာတော်နှစ် ၂၅၆၆-၂၅၆၇ ကဆုန်လပြည့် ဗုဒ္ဓနေ့အားရည်မှတ်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် ၁၁၁၁၁ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားနှင့် ဆွမ်းဆန်တော် စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်တွင် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် စောင်းပညာရှင် ဦးထွန်းဝဏ္ဏစိုးနှင့် တွဲဖက်၍ တေးသံရှင် ခိုင်ဇင်ရွှေက "ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ထူးမခြားနား" သီချင်းခံဖြင့် သီကျူးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ ဆရာတော်အရှင်သူမြတ်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော် ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

**လျှောက်ထား**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဥပတ္ထမ္ဘကပြုလုပ်၍ ဆရာတော်၊ သံဃာတော်များ ဦးဆောင်ကာ ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခြင်း၊ သံဃာတော် အရှင်မြတ်တို့အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ခြင်းတို့ကို ဆရာဒကာ အညီအညွတ် ပေါင်းစုပြုလုပ်ကြသည့် ကောင်းမှုမင်္ဂလာ အဖြာဖြာတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် မှီတင်းနေထိုင်ကြကုန်သော ရဟန်းရှင်လူအပေါင်း၊ တိုင်းရင်းသားပြည်သူအပေါင်းတို့ ဘေးဘယာဝေးကွာ၍ အေးငြိမ်းချမ်းသာရှိကြပြီး ကောင်းကျိုးလိုရာနှင့် ပြည့်စုံကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ အားလုံး သက်ရှည် ကျန်းမာစွာဖြင့် သာသနာအကျိုးကို သယ်ပိုး ထမ်းဆောင်တော်မူနိုင်ကြပါစေ၊ အလှူရှင် ပြည်သူများအနေဖြင့်လည်း သာသနာတော်မြတ်ကြီးအတွက် ဝိုင်းဝန်းထောက်ပံ့ လှူဒါန်းပူဇော်နိုင်ကြပါစေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည်လည်း အစွန့်ရှည်ကြာစွာတည်တံ့ ထွန်းလင်း ပြန့်ပွားနိုင်ပါစေ၊ နိုင်ငံတော်တစ်ဝန်း၊ ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းသာယာဝပြော၍ ဝေစည်တိုးတက် အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါကြောင်း လျှောက်ထားသည်။

ထို့နောက် ဆရာတော်ကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဇနီးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိ ဆရာတော် အရှင်သူမြတ်က မပြည့်စုံမှု၊ မှားယွင်းမှုများရှိပါက ခွင့်လွှတ်သည်းခံတော်မူပါရန် အကြောင်းတောင်းပန် လျှောက်ထားပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ စေတိယင်္ဂဏပဝရ သိရီမဟာဓမ္မဂုရု သ.စ.အ ဓမ္မာစရိယ(ဝဋံသကာ) ပါဠိပါရဂူ ဘဒ္ဒန္တနာရဒါ ဘိဝံသ ဆရာတော်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကို ရွှေတိဂုံစေတီတော် အထက်ပစ္စယံ၌ဆက်လက်ကျင်းပရာ ဆရာတော်၊ သံဃာတော် ၁၁၁ ပါးနှင့် ပြည်သူ့ရင်ပြင်တွင် သီတင်းသုံးနေတော်မူကြသည့် ဆရာတော်၊ သံဃာတော် ၁၁၀၀၀ ပါးတို့က ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသိက် သွန်းလောင်းတော်မူသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဧည့်ပရိသတ်များက ရွှေတိဂုံစေတီတော်ရင်ပြင်တော်၌ ဆရာတော်၊ သံဃာတော် ၁၁၁ ပါးနှင့် ပြည်သူ့ရင်ပြင်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်၊ သံဃာတော် ၁၁၀၀၀ ပါးတို့အား ဆွမ်းဆန်တော်များ စုပေါင်းလောင်းလှူကြပြီး အနုပညာရှင်များက ဓမ္မပူဇာတေးသီချင်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## လှူဖွယ်ပစ္စည်းများ လောင်းလှူ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီးတို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက ဆွမ်းဆန်တော်များ လောင်းလှူကြစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေများအပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မုံရွာ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေများ အပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတော်အနေဖြင့် ရငွေများ ရရှိမှသာ သုံးစွဲငွေများသုံးစွဲနိုင်မည်ဖြစ်ပြီး အခွန်ငွေများ တိုးတက်ကောက်ခံရရှိရေး တာဝန်ရှိသူများအနေဖြင့် အထူးကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာဌာနအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များတွင် မိမိတို့ဌာနများအလိုက် ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေများ အပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ကြီးပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့(B.Ed) စာပေးစာယူ ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်းများကြိုဆိုပွဲ ကျင်းပ

**တောင်ကြီး မေ ၂**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန တောင်ကြီးပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ (B.Ed) (စာပေးစာယူ) အမှတ်စဉ်(၁/၂၂) ဒုတိယနှစ်နှင့်(၃/၂၃)ပထမနှစ် သင်တန်းကြိုဆိုပွဲကို ယနေ့နံနက် ၁၀ နာရီက တောင်ကြီးပညာရေးဒီဂရီကောလိပ် ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

**ဖွင့်လှစ်ပို့ချခြင်းဖြစ်**

ကြိုဆိုပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနတို့မှ ပညာရေးဘွဲ့(B.Ed) မရရှိသေးသည့် ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းများအားလုံးအတွက် ရည်ရွယ်ပြီး ပညာရေးဘွဲ့(စာပေးစာယူ) သင်တန်း အမှတ်စဉ် (၁/၂၂)ဒုတိယနှစ်၊ အမှတ်စဉ် (၃/၂၃) ပထမနှစ်တို့ကို ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတွင် ဧပြီ ၂၀ ရက်မှ မေ ၂၆ ရက်အထိ ဖွင့်လှစ်ပို့ချခြင်းဖြစ်ပါကြောင်း၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်တွင် တက်ရောက်နေသော ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ သင်တန်းသားများမှာ အမှတ်စဉ်(၁/၂၂)ဒုတိယနှစ် တောင်ကြီးခရိုင် ၉၆ ဦး (တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ နည်းပြ ၁၀ ဦးအပါအဝင်)၊ ကလောခရိုင် ၇၁ ဦး၊ လွိုင်လင်ခရိုင် ၃၂ ဦး၊ နမ့်စန်ခရိုင် ၂၆ ဦး၊ မိုင်းရှူးခရိုင် ၁၈ ဦး၊ လင်းခေးခရိုင် ၁၄ ဦး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅၂ ဦး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၁၈ ဦး စုစုပေါင်း ၃၂၇ ဦးနှင့် အမှတ်စဉ်(၃/၂၃) ပထမနှစ်တွင် တောင်ကြီးခရိုင် ၁၁၈ ဦး (တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ နည်းပြတစ်ဦးနှင့် ရုံးဝန်ထမ်းရှစ်ဦး အပါအဝင်)၊ ကလောခရိုင် ၇၁ ဦး၊ လွိုင်လင်ခရိုင် ၂၃ ဦး၊ နမ့်စန်ခရိုင် ၂၆ ဦး၊ မိုင်းရှူးခရိုင် ၁၆ ဦး၊ လင်းခေးခရိုင် ၂၁ ဦး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၇၈ ဦး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၃၀ စုစုပေါင်း ၃၈၃ ဦး တက်ရောက်ကြကြောင်းနှင့် နိုင်ငံကို တိုးတက်သည်ထက် တိုးတက်အောင် တည်ဆောက်ပေးနိုင်မည့် နိုင်ငံ့သားကောင်းများအဖြစ် မွေးထုတ်ပေးနိုင်ရေးအတွက် အရည်အသွေး တိုးတက်သည်ထက်တိုးတက်အောင် ကြိုးစားကြရန် ပြောကြားသည်။



ဆက်လက်၍ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့များက သင်တန်းသား ဆရာ သင်တန်းသူ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သန်းခေါင်စာရင်းယူနစ်များ ဖွဲ့စည်းခြင်းလုပ်ငန်းစီမံချက် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၏ ကြိုတင် ပြင်ဆင်ခြင်းလုပ်ငန်းတွင်ပါဝင်သည့် သန်းခေါင်စာရင်းယူနစ်များ ဖွဲ့စည်းခြင်းလုပ်ငန်းစီမံချက်အား တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး များအား ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ အမြဲတမ်း အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဌေးလှိုင်က ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၏ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတစ်ခုဖြစ်သည့် GIS နည်းပညာအသုံးပြု၍ မြေပုံရေးဆွဲခြင်းနှင့် စာရင်းကောက်ကွက်များ ဖွဲ့စည်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ရပ်ကွက်၊ ကျေးရွာတည်နေရာ Point များ ကောက်ယူခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၈၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီး မြို့နယ်အချို့သာ ဆောင်ရွက်ရန် ကျန်ရှိပါကြောင်း၊ ဆက်လက်၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် သန်းခေါင်စာရင်း ယူနစ်များ ရေးဆွဲခြင်းလုပ်ငန်းကို စီမံချက်ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲတွင် ယင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ လုပ်ငန်း လိုအပ်ချက်များကို ပွင့်ပွင့် လင်းလင်း ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က ၂၀၂၄ ခုနှစ်တွင်ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နည်းပညာကို အဓိကအသုံးပြုဆောင်ရွက်မည့်အခြေအနေ၊ သန်းခေါင်စာရင်းယူနစ်များ ကွင်းဆင်းရေးဆွဲဆောင်ရွက်ရာတွင် အချက်အလက်လုံခြုံရေးနှင့် ဝန်ထမ်းလုံခြုံရေးကို အလေးထားဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြို့ပြရပ်ကွက်များအတွင်း GIS နည်းပညာဖြင့် သန်းခေါင်စာရင်းယူနစ်များ ဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် သန်းခေါင်စာရင်း ယူနစ်များ ဖွဲ့စည်း ဆောင်ရွက်နိုင်ရေး အတွက် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် တင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၂**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာ ဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်များရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။



ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၀၊ ရန်ကုန်တိုင်းဒေသကြီးရှိအင်းယား ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၇ ဦးနှင့် ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁ ဦးတို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်များရှိ တပ်မတော် (ရေ) ရေကြောင်း လူငယ်စခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။



အလားတူ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ လေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း၄၀၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ လေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မကွေး လေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀ နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြား ပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်များရှိ တပ်မတော်(လေ) လေကြောင်း လူငယ်စခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသား သင်တန်းသူများနှင့် သင်တန်းနည်းပြများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရှိ ဝန်ထမ်းသားသမီးများ၏ နွေရာသီ ကွန်ပျူတာအခြေခံသင်တန်း ဖွင့်လှစ်

**နေပြည်တော် မေ ၂**

ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရှိ ဝန်ထမ်းများ၏သားသမီးများ နွေရာသီကွန်ပျူတာ အခြေခံသင်တန်းဖွင့်ပွဲကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန နေပြည်တော်ရုံး၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦး တက်ရောက် အမှာစကားပြောကြားသည်။



ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာတွင် ဝန်ထမ်းသားသမီးများ၏နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ICT ခေတ်တွင် မဖြစ်မနေ တတ်မြောက်ရမည့် ကွန်ပျူတာဘာသာရပ်ကို ငယ်စဉ်မှပင် ရင်းနှီးကျွမ်းကျင်တတ်မြောက်စေရန်နှင့် ဝန်ထမ်း သားသမီးများ၏ အနာဂတ် ပညာသင်ယူမှုတွင် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ သားသမီးများအနေဖြင့် တတ်မြောက်ကျွမ်းကျင်အောင် ကြိုးစားသင်ယူလေ့ကျင့်ကြစေ လိုပါကြောင်း၊ “ယနေ့ လူငယ် နောင်ဝယ်လူကြီး” ဆိုထုံးနှင့်အညီ အနာဂတ်ကို ပခုံးပြောင်း တာဝန်ယူကြမည့် လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်ဝထူးချွန်ထက်မြက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံနှင့် ပြည်သူက အားကိုးအားထားပြုရသည့် လူရည်ချွန် လူရည်မွန်များ ဖြစ်စေလိုပါကြောင်း မှာကြားသည်။

အဆိုပါ နွေရာသီကွန်ပျူတာ အခြေခံသင်တန်းသို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန နေပြည်တော်ရှိ ဝန်ထမ်းများ၏ သားသမီး ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကို နေပြည်တော်ရုံး ကွန်ပျူတာ သင်တန်းခန်းမ၌ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်သည်။

သင်တန်း၌ Typing Tutor, Microsoft Paint, Microsoft Word, Microsoft Excel & Microsoft Power Point ဘာသာရပ်များကို နံနက် ၉ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁၂ နာရီခွဲမှ ၄ နာရီခွဲအထိ တစ်ကြိမ် အချိန်နှစ်ချိန်ခွဲ၍ သင်တန်းကာလ ရက်သတ္တ သုံးပတ် သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သောက်သုံးရေများ လှူဒါန်း

**ချောင်းဆုံ မေ ၂**

(၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်လင်းဦး ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မုဒွန်း၊ ရွှာလွှတ် နယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် မီးသတ်ရေသယ်ယာဉ်သုံးစီးဖြင့် သောက်သုံးရေ ပြတ်လပ်ခက်ခဲနေသည့် ကလွီကျေးရွာသို့ သောက်သုံးရေ ဂါလန် ၃၂၀၀၊ ဆယ်ဗလာကျေးရွာသို့ သောက်သုံးရေ ဂါလန် ၁၆၀၀ စုစုပေါင်း ဂါလန် ၄၈၀၀ ကို အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■



# သာသနာရောင်ဝါ ထွန်းလင်းဖြာ

❖ မိုးကောင်းကင်မှ၊ ဖူးမြင်ရသော
ထွန်းပတောက်ပြောင်၊ ရွှေဆင်းရောင်နှင့်
ကုန်းဘောင်မင်းဆက်များ၊ မွမ်းမံထားပြီး
နောက်သားနောင်လာ၊ ဗုဒ္ဓဘာသာကို
များစွာအမွေ၊ ဆက်ခံလေအောင်
ဖူးစေအများ၊ သဒ္ဓါပွားလျက်
ဝပ်တွားပူဇော် ရွှေတိဂုံစေတီတော်......။
❖ သာသနာဆင့်ကမ်း၊ မဂ္ဂင်လမ်းသို့
ရည်မှန်းစိတ်ကြံ၊ အဓိဋ္ဌာန်နှင့်
သံဃာတစ်ရာ့တစ်ပါး၊ ရွတ်ဆိုပွားရင်း
တရားတော်များ၊ ရွတ်ဆိုပွားလျက်
တင်ထားဗုဒ္ဓါ၊ အနေကဇာတည့်
မဟာမင်္ဂလာ၊ ဘိသေကာတို့
ကောင်းစွာကျင်းပ ရွတ်ဆိုကြ......။
❖ ပြည်သူ့ရင်ပြင်၊ ပွဲဆင်ယင်လျက်
သဘင်မဟာ၊ စုံလင်စွာတည့်
သံဃာသောင်းကျော်၊ ဆွမ်းလောင်းပွဲတော်အား
မျှော်ရည်မှန်းကာ၊ ကုသိုလ်ပါအောင်
များစွာလူများ၊ လောင်းလှူအားကြောင့်
စည်ကားနေရာ ရင်ပြင်မှာ......။
❖ “ဖွား ပွင့် ဟော စံ၊ ဗျာဒိတ်ခံ၍
မှတ်ရန်ကဆုန်၊ လပြည့်ကြို့ဟု”
ဆိုတုံခဲ့၍၊ ဗုဒ္ဓနေ့ဝယ်
စည်ပေ့လူများ၊ သဒ္ဓါပွားအောင်
ပွဲအားကျင်းပ၊ စီစဉ်ကြရာ
ကြွရောက်မှုလာ၊ မြတ်သံဃာတို့
ထိုင်ကာသီတင်းသုံး၊ ကြည်ညိုမဆုံးပြီ
ဘုန်းထည်ဝင့်ဝါ၊ သာသနာလည်း
မြန်မာပြည်မှာ ထိန်လင်းပြီ.....။
❖ သြော်.....
သာသနာအရေး၊ မျှော်ကာတွေး၍
အလေးထားကာ၊ စီစဉ်ရှာခဲ့
ဆရာတော်ကြီးများ၊ သမာဓိအားနှင့်
အများပြည်သူ၊ ဝိုင်းဝန်းကူသော်
တူညီအောင်ပွဲ၊ ဆက်ကာနွဲရင်း
မြဲလျက်သာသနာ၊ တည်တံ့ပါခဲ့
ဆက်ကာထွန်းကား၊ ပြန့်၍ပွားအောင်
ကြိုးစားဆောင်ရွက်၊ ရှေ့သို့ဆက်မည်
တွဲလက်ညီစို့ ပြည်သူတို့။
ရယူအောင်ပွဲ ထိန်းသိမ်းစို့။ ။

**ရဲမင်းစိုး**

မေ ၂ ရက်က ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် သံဃာအပါး (၁၁၁၁၁) ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ ပူဇော်ရေးဖွဲ့ပါသည်။

## ASEAN-BAC Chairman Mr. Arsjad Rasjid P.M. ဦးဆောင်သောအဖွဲ့နှင့် ASEAN-BAC အဖွဲ့ဝင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ စီးပွားရေးဖိုရမ်ကျင်းပ



ရန်ကုန် မေ ၂

ASEAN–BAC Chairman Mr. Arsjad Rasjid P.M. ဦးဆောင်သောအဖွဲ့နှင့် ASEAN–BAC အဖွဲ့ဝင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် “The Role of ASEAN–BAC in Developing ASEAN Private Sector: Myanmar, A Potential Key Player” ခေါင်းစဉ်ဖြင့် စီးပွားရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

### ပြောကြား

အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက ASEAN–BAC ၏ ပံ့ပိုးပူးပေါင်းပါဝင်မှုသည် မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အားလုံးအတွက် အကျိုးဖြစ်စေမည့် အလုပ်အကိုင်အခွင့်လမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးတစ်ယောက်ချင်းစီ၏ အကျိုးစီးပွားနှင့် အာဆီယံနိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ ရရှိစေနိုင်မည်ဟုယုံကြည်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အာဆီယံဒေသတစ်ခုလုံး အပေါ်တွင် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများရရှိလာနိုင်မည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အာဆီယံအဝန်းအဝိုင်းကိုလည်း အထောက်အကူဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

Mr. Arsjad Rasjid P.M. က မိမိတို့ ASEAN Roadshow ခရီးစဉ်က စီးပွားရေးပေါင်းစည်းချိတ်ဆက်မှုနှင့် လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပြီး အာဆီယံဗဟိုပြုမှုကို တိုးတက်စေရန်နှင့် အရှေ့တောင်အာရှဒေသက တိုးတက်ကြီးပွားခြင်း၏ အချက်အချာကျသည့် ဗဟိုဆုံချက်တစ်ခုဖြစ်ပေါ်လာစေရန် ရည်ရွယ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအတွက် အရေးပါသည့် အဖွဲ့ဝင်ဖြစ်ပြီး အာဆီယံနှင့် မြန်မာနိုင်ငံတို့အကြား နက်နဲသည့် ပေါင်းစည်းချိတ်ဆက်မှုများကို လုပ်ဆောင်လိုကြောင်းကိုလည်း မိမိတို့ ခရီးစဉ်မှတစ်ဆင့် ပြသလိုကြောင်း၊ မြန်မာနှင့် အာဆီယံတို့၏ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုအားကောင်းသည့် ဒေသတွင်းပေါင်းစည်းချိတ်ဆက်မှုကိုရရှိပြီး ယင်းမှတစ်ဆင့် ဒေသတွင်းတည်ငြိမ်မှုနှင့် တိုးတက်ကြီးပွားမှုတို့ကို ပိုမိုထောက်ပံ့စေမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဖိုရမ်၏စကားဝိုင်းဆွေးနွေးပွဲတွင် ဒေါ်ခိုင်ခိုင်နွယ် (အထွေထွေအတွင်းရေးမှူးချုပ်၊ UMFCCI) က Moderator အဖြစ်ဆောင်ရွက်ပြီး ထင်ရှားသည့် Panelist များဖြစ်သော Mr. Arsjad Rasjid P.M. (Chair, ASEAN–BAC)၊ Mr. Gil L. Gonzales (Executive Director, ASEAN–BAC)၊ ဦးမိုးကျော် (Council Member, ASEAN–BAC Myanmar) နှင့် ဒေါက်တာထွန်းသူရသက် (ဗဟိုအလုပ်အမှုဆောင်၊ UMFCCI)တို့က အဓိကအကြောင်းအရာများဖြစ်သည့် အာဆီယံပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် ASEAN–BAC ၏ အခန်းကဏ္ဍ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အကောင်အထည်ဖော်ရန်ရှိသည့် စီမံကိန်းများနှင့် လက်တွေ့အခြေအနေများ၊ ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အဓိကပါဝင်နိုင်မှု၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးတွင် လိုအပ်ချက်နှင့် မြန်မာနိုင်ငံအတွက် ရရှိနိုင်မည့်အခွင့်အလမ်းများ၊ အာဆီယံနှင့် ပေါင်းစည်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အလားအလာများကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် မြန်မာ့စီးပွားရေးတိုးတက်လာစေရန်အတွက် ASEAN Business Advisory Council (ASEAN–BAC) နှင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး အာဆီယံအပါအဝင် နိုင်ငံတကာစီးပွားရေးအခင်းအကျင်းတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပခဲ့သည့် (၉၅)ကြိမ်မြောက် ASEAN Business Advisory Council (ASEAN–BAC) အစည်းအဝေးတွင် Chairman အဖြစ် တာဝန်လွှဲပြောင်းယူခဲ့သည့် Mr. Arsjad Rasjid P.M. (ASEAN–BAC Indonesia)သည် ၂၀၂၃ ခုနှစ် မေ ၁ ရက်မှ ၃ ရက်အတွင်း မြန်မာနိုင်ငံသို့ ASEAN–BAC Roadshow ၏ အစီအစဉ်တစ်ရပ်အဖြစ် ရောက်ရှိခဲ့ပြီး ASEAN–BAC Roadshow ခရီးစဉ်တွင် စင်ကာပူ၊ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း အစရှိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံသို့ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ယခုနှစ်အတွက် အဓိကဦးစားပေးကဏ္ဍ ငါးခု ဖြစ်သည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ကျန်းမာရေးဒဏ်ခံနိုင်စွမ်းကို မြှင့်တင်မှု၊ စားနပ်ရိက္ခာဖူလုံရေးတို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန်နှင့် အထောက်အပံ့ပြုနိုင်မည့်ကဏ္ဍများတွင် ပံ့ပိုးကူညီရန်တို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ခရီးစဉ်အတွင်း ASEAN–BAC Indonesia Chairman က အာဆီယံနိုင်ငံများနှင့် ဦးစားပေးဆောင်ရွက်သွားမည့် စီးပွားရေးကဏ္ဍများ၊ အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အာဆီယံ–မြန်မာအကြား စီးပွားရေးပေါင်းစည်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ပံ့ပိုးကူညီပေးနိုင်မည့် အစီအစဉ်များကို Panel Discussion တွင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များနှင့် ဆွေးနွေးခဲ့ကြသည်။

Business Forum အပြီးတွင် သတင်းစာရှင်းလင်းပွဲကိုကျင်းပရာ သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြပြီး ASEAN–BAC Chairman နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**သတင်းစဉ်**

# လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် အမေရိကန်သမ္မတနှင့် ဖိလစ်ပိုင်သမ္မတတို့ သဘောတူညီ



ဝါရှင်တန် မေ ၂

အမေရိကန်နိုင်ငံသမ္မတ ဂျိုးဘိုင်ဒင်နှင့် ဖိလစ်ပိုင်နိုင်ငံ သမ္မတ ဖာဒီနန်မားကို့စ်တို့သည် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မေ ၁ ရက်က အိမ်ဖြူတော်၌ပြုလုပ်သည့် ထိပ်သီးအစည်းအဝေးတွင် ဂျိုးဘိုင်ဒင်နှင့် မားကို့စ်တို့ သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံအစိုးရသည် ဖိလစ်ပိုင်နိုင်ငံ၏ စစ်တပ်ကို ခေတ်မီအောင် ဆောင်ရွက်ရေးအတွက် C-130 လေယာဉ်များနှင့် ကင်းလှည့်လေယာဉ်များကို ဖိလစ်ပိုင်နိုင်ငံထံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၎င်းတို့၏မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် စီစဉ်လျက်ရှိပြီး အမေရိကန်၊ ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံတို့အကြား သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်ရန်လည်း မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ၎င်းတို့၏ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို မကြာသေးသည့် နှစ်များအတွင်းကတည်းက အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီလအစောပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ နောက်ထပ်အမေရိကန်စစ်အခြေစိုက်စခန်းလေးခုအသုံးပြုခွင့်ပေးမည့် သဘောတူညီချက်ကို နှစ်နိုင်ငံသဘောတူညီခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အလင်းသစ်

# (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံအတွက် ယှဉ်ပြိုင်မည့် ပြည်ပနိုင်ငံများမှ ကမ္ဘောဒီးယားနိုင်ငံသားများအား ဝန်ကြီးချုပ် ဟွန်ဆန် ဂုဏ်ပြုကြိုဆို

ဖနောင်ပင် မေ ၂

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်သည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ပနိုင်ငံများမှ ကမ္ဘောဒီးယားနိုင်ငံသားအားလုံးကို နွေးထွေးစွာကြိုဆိုပါကြောင်းနှင့် လှိုက်လှဲစွာ ဂုဏ်ပြုပါကြောင်း မေ ၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

(၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အမေရိကန်နိုင်ငံနှင့် အခြားသောနိုင်ငံများမှ ကမ္ဘောဒီးယားနိုင်ငံသားများက ကမ္ဘောဒီးယားအားကစားအသင်းများနှင့် ပူးပေါင်းလာသကဲ့သို့ ပြင်သစ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသားများအနေဖြင့်လည်း ကမ္ဘောဒီးယားအားကစားအသင်းများနှင့် လာရောက်ပူးပေါင်းခြင်းကို ခံယူလိုပါကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က (၃၂)ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲအခမ်းအနား ကျင်းပမည့် မေ ၅ ရက်မတိုင်မီ ကမ္ဘောဒီးယားအားကစား ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသားများအနေဖြင့် မည်သည့်နိုင်ငံ၌ နေထိုင်စေကာမူ ကမ္ဘောဒီးယားနိုင်ငံသားဆိုသည့် စိတ်ဓာတ်ရှိနေခြင်းနှင့် ပြည်ပနိုင်ငံသားအဖြစ် ခံယူထားသော်လည်း ကမ္ဘောဒီးယားနိုင်ငံကို ကိုယ်စားပြုကာ ကမ္ဘောဒီးယားအလံကို ကိုင်မြှောက်မည်ဖြစ်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ကျင်းပမည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေ ၅ ရက်မှ ၁၂ ရက်အထိ၊ (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ဇွန် ၃ ရက်မှ ၉ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ခမာတိုင်းမ်
ဘာသာပြန် - အလင်းသစ်




# ကမ္ဘောဒီးယားနိုင်ငံက ဆီးဂိမ်းတွင် ဆုတံဆိပ်အများအပြားဆွတ်ခူးရန်ကြိုးပမ်းမည်

ဖနောင်ပင် မေ ၂

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်အများအပြားဆွတ်ခူးနိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအဆင့်မြင့်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ပြောကြား**

ယမန်နှစ်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ကမ္ဘောဒီးယားနိုင်ငံက ဆုတံဆိပ် ၆၃ ခုဆွတ်ခူးခဲ့ရာမှ လက်ရှိကျင်းပသည့်ပြိုင်ပွဲတွင် ဆုတံဆိပ်အများအပြားရရှိနိုင်ရေးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ ခရီးသွားလုပ်ငန်းဝန်ကြီး သောင်ခွန်းက ပြောကြားသည်။

နိုင်ငံ၏ ၆၄ နှစ်အတွင်း ပထမဆုံးအကြိမ်အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ယခုပြိုင်ပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားပြု အားကစားသမား ၈၉၆ ဦး ပါဝင်ကစားမည်ဖြစ်သည်။

မိမိနိုင်ငံမှအားကစားသမားများ၏ ၄၀ ရာခိုင်နှုန်းကို စွမ်းရည်မြင့်မားစေရေးအတွက် ပြည်ပနိုင်ငံများတွင် လေ့ကျင့်စေခဲ့ကြောင်း ဝန်ကြီးသောင်ခွန်းက ပြောကြားသည်။ မိမိတို့နိုင်ငံမှ အားကစားသမားများသည် ရွှေတံဆိပ် အများအပြားရရှိဆွတ်ခူးနိုင်မည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားသည်။

ပရိသတ် ခြောက်သောင်းခန့် ဝင်ဆံ့နိုင်သည့် ဖနောင်ပင်မြို့ မြောက်ပိုင်းရှိ မိုရိုဒေါက်တက်ချိုအားကစားကွင်း၌ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ပွဲစဉ်များနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို ကျင်းပမည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေပေးအပ်မည်

မနီလာ မေ ၂

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ချေးငွေအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားသည်။ အာရှပစိဖိတ်ဒေသသည် လက်ရှိအချိန်တွင် ရာသီဥတုပြောင်းလဲမှုကို ဆိုးဆိုးရွားရွားခံစားနေရကြောင်း အထက်ပါဘဏ်၏ ဥက္ကဋ္ဌ အေဆာကာဝါမာဆက်ဆူဂူက ပြောကြားသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှစတင်၍ အဆိုပါဒေသတွင် ရာသီဥတုပြောင်းလဲမှု အများအပြားဖြစ်ပွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ယခုဆောင်ရွက်မည့်ချေးငွေအစီအစဉ်သစ်အရ ADB မှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ချေးငွေဒေါ်လာ ၁၅ ဘီလီယံအထိ ထုတ်ပေးနိုင်စေမည်ဖြစ်ကြောင်းနှင့် ၎င်းနိုင်ငံများတွင် ဆောင်ရွက်နေသည့် ကာဗွန်ဒိုင်အောက်ဆိုက် ကင်းစင်ရေးလုပ်ငန်းများမှာလည်း အရေးကြီးကြောင်း ၎င်းကဆိုသည်။

လက်ရှိအချိန်တွင် ကမ္ဘာပေါ်၌ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးကို အရေးထားကြိုးပမ်းလျက်ရှိသောကြောင့် ၎င်းလုပ်ငန်းများအောင်မြင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အားထုတ်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ

# ယခုနှစ်ပထမသုံးလအတွင်း စက်ဘီးတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၇၈ သန်း ကမ္ဘောဒီးယားနိုင်ငံ ဝင်ငွေရရှိ

ဖနောင်ပင် မေ ၂

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ် ပထမသုံးလတာကာလအတွင်း နိုင်ငံခြားဈေးကွက်များသို့ စက်ဘီးတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၇၈ သန်း ဝင်ငွေရရှိခဲ့ခြင်းကြောင့် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းနီးပါး မြင့်တက်မှုရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မေ ၂ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လက်ထောက်အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချိ၏ ပြောကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံထုတ်စက်ဘီးများကို ဥရောပ၊ ဗြိတိန်၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့ကို အဓိကတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်ဘီးသည် အဝတ်အထည်၊ ခြေအိတ် စသည့်ကုန်ပစ္စည်းများနောက် ပို့ကုန်အတွက် ကမ္ဘောဒီးယားနိုင်ငံက အဓိကထုတ်လုပ်သည့်ထုတ်ကုန်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်းလည်း ပန်ဆိုဗီချိက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထို့ပြင် စက်ဘီးတင်ပို့မှုတွင် အရှေ့တောင်အာရှနိုင်ငံများထဲတွင် ကမ္ဘောဒီးယားနိုင်ငံက အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လက်ထောက်အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချိက ပြောကြားသည်။

လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ စက်ဘီးထုတ်လုပ်သည့် စက်ရုံ ငါးရုံရှိပြီး ယင်းစက်ရုံအားလုံးသည် နိုင်ငံအရှေ့တောင်ပိုင်းရှိ အထူးစီးပွားရေးဇုန်အတွင်း တည်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကမ်းပျိုကျေးရွာနေ မင်းမင်းထိုက်(ခ)မင်းထိုက်သည် ၎င်းအသုံးပြုသည့် " Hein Hein Thu" TikTop အကောင့်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျီးစုကျေးရွာနေ ပန်းအိဖြူသည် ၎င်းအသုံးပြုသည့် "Pen Ei Phyu" Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် တောင်သူစုရပ်ကွက်နေ ထက်ထက်ဝင်းသည် ၎င်းအသုံးပြုသည့် "Htet Htet Win" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ အောင်ချမ်းသာ(ခ)အောင်ကောင်းစံသည် ၎င်းအသုံးပြုသည့် "Aung Kaung San" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ထိရောက်စွာ အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



(၇၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးတင်သောင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် တပ်ဖွဲ့ဝင်အမျိုးသမီးများက မေ ၂ ရက် နံနက် ၈ နာရီတွင် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး၌ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Toy Small Without Battery ၉၀၀ ကီလိုဂရမ် အပါအဝင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Sosuco ကြွေပြား အချပ် ၇၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tructor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၁၄၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁ ရက်တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၄၁၄၄၀၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီထံမှ သိရသည်။

သတင်းစဉ်



ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် **"ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း"**များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသော ဓာတ်ခွဲအတည်ပြုလူနာများထံမှ ဓာတ်ခွဲနမူနာများရယူ၍ ဓာတ်ခွဲစစ်ဆေးလျက်ရှိပြီး Omicron (အိုမီခရွန်) အပါအဝင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး တွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၂)ခုအား ဆေးသုတေသန ဦးစီးဌာနတွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ (၂၉-၄-၂၀၂၃)ရက်နေ့တွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး XBB.1.9.1 ကို ဓာတ်ခွဲနမူနာ (၈)ခုတွင်လည်းကောင်း၊ XBB.1.16 ကို ဓာတ်ခွဲနမူနာ (၈)ခုတွင် လည်းကောင်း၊ XBB.2.3 ကို ဓာတ်ခွဲနမူနာ (၂)ခုတွင် လည်းကောင်း၊ XBB.1.9.2 ကို ဓာတ်ခွဲနမူနာ (၁)ခု တွင်လည်းကောင်း၊ XBB.1.5 ကို ဓာတ်ခွဲနမူနာ (၁)ခုတွင်လည်းကောင်း၊ XBB.1 ကို ဓာတ်ခွဲနမူနာ (၁) ခုတွင်လည်းကောင်း၊ BA.2.75 ကို ဓာတ်ခွဲနမူနာ (၁)ခုတွင်လည်းကောင်း အသီးသီးတွေ့ရှိရပါသည်။ အဆိုပါလူနာများအား ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲအတည်ပြုခဲ့စဉ်ကပင် သတ်မှတ်ရက်အတိုင်း စနစ်တကျ သီးခြားထားရှိကုသမှုပေးခဲ့ပြီး ကျန်းမာရေးအခြေအနေများမှာ ကောင်းမွန်လျက်ရှိပါသည်။

၃။ Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်း XBB.1.16 (Arcturus) ရောဂါပိုး ကူးစက်ဖြစ်ပွားမှုကို (၂၀၂၃)ခုနှစ်၊ ဇန်နဝါရီလတွင် အိန္ဒိယနိုင်ငံ၌ စတင်၍တွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ ဖြစ်သော ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း (၃၇)နိုင်ငံတွင် ကူးစက်မှုများ ရှိကြောင်း သိရှိရပါသည်။ ယခုမြန်မာနိုင်ငံတွင် တွေ့ရှိရသော XBB.1.16 (၈)ဦးအနက် (၁)ဦးမှာ ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ကျန် (၇)ဦးမှာ ပြည်တွင်းကူးစက်မှုများမှ တွေ့ရှိရခြင်းဖြစ်ပါသည်။ ယခုတွေ့ရှိရသည့် မျိုးရိုးဗီဇပြောင်းရောဂါပိုးများဖြစ်သည့် XBB.1၊ XBB.1.5၊ XBB.1.9.1၊ XBB.1.9.2၊ XBB.2.3၊ BA.2.75 တို့မှာလည်း ကမ္ဘာ့နိုင်ငံများတွင် ယခင်ကပင် ကူးစက်ပြန့်ပွားလျက်ရှိသော မျိုးရိုးဗီဇပြောင်းရောဂါပိုးများ ဖြစ်ကြောင်း သိရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၂-၅-၂၀၂၃)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၉၂၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၉ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၈၄,၀၈၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၅,၁၀၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၉၁၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး(၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထုထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုပ်ပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# မြန်အောင်မြို့နယ်၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲ ကျင်းပ

မြန်အောင် မေ ၂

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် တာခွတ်ကြီးကုန်း ကျေးရွာအုပ်စု တောင်သူဦးသန်းထွဋ်၏ လယ်မြေကွင်း အမှတ် (၂၅၀) ဦးပိုင်အမှတ် (၁၄၄/၁)တွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး အတွက် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်တာဝန်ခံ(ယာယီ) ဦးစိုးမြင့်အောင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များတက်ရောက်၍ တောင်သူများအား သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ဧက ၅၀ အတွက် တစ်ဧကလျှင် လေးပြည်နှုန်း ပေးအပ်ခဲ့ပြီး ကြဲပက်ပွဲကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။



## ရှင်းလင်းပြောကြား

ထို့နောက် မြန်အောင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်တာဝန်ခံ (ယာယီ)ဦးစိုးမြင့်အောင်က သစ်စိမ်းမြေသြဇာ စိုက်ပျိုးခြင်းဖြင့် ရရှိလာနိုင်သည့်အကျိုးကျေးဇူးများအကြောင်း တောင်သူများကို အသိပညာပေးရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၂

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို မေ ၁ ရက် ညနေ ၅ နာရီက လှည်းကူးမြို့နယ် ပဲခူးလမ်းမကြီး ဒရယ်ဘိုကျေးရွာရှိ USUALLY စားသောက်ဆိုင်ခန်းမ၌ ပြုလုပ်ခဲ့သည်။



## အမှာစကားပြောကြား

ရေးဦးစွာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟို ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဇင်လတ်နှင့် အထွေထွေ အတွင်းရေးမှူး ဦးထွန်းထွန်းဦးတို့က အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ လှည်းကူးခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာလင်းက ကျေးဇူးတင်စကားပြောကြားပြီး ခရိုင်အလုပ်မှုဆောင်ခန့်အပ်လွှာများကို ဗဟိုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

ထို့နောက် ခရိုင်ဒုတိယဥက္ကဋ္ဌများ၊ ခရိုင်အထွေထွေအတွင်းရေးမှူးဦးကျော်စိုးဝင်းနှင့်အတွင်းရေးမှူးများက မိတ်ဆက်စကားများ ပြောကြားခဲ့ကြသည်။

ဆက်လက်၍ ခရိုင်အတွက် ရန်ပုံငွေများပေးအပ်ရာ ဗဟိုတွဲဖက်အတွင်းရေးမှူး ဦးအောင်မျိုးသန့်နှင့် ခရိုင်ဘာသာကြီးလေးရပ်မှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ လှည်းကူးခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန္တာလင်းက လက်ခံရယူပေးခဲ့သည်။

တင်ဝင်းတင်

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကောဒသမတန်း ကျောင်းသား ကျောင်းသူများ၏ လူရည်ချွန်စခန်း(ငွေဆောင်) စခန်းသိမ်းမီးပုံပွဲကျင်းပ



**ငွေဆောင် မေ ၂**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကောဒသမတန်း ကျောင်းသား ကျောင်းသူများ၏ လူရည်ချွန်စခန်း (ငွေဆောင်) စခန်းသိမ်းမီးပုံပွဲအခမ်းအနား ပထမပိုင်းကို ယနေ့ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ ယမုံနာဦးဟိုတယ်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူရည်ချွန်စခန်း(ငွေဆောင်) စခန်းမှူး ကြီးကြပ် ဆရာ ဆရာမများနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**စခန်းသိမ်းမီးပုံပွဲ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ အခမ်းအနားမှာ လူရည်ချွန်ကျောင်းသား ကျောင်းသူများ၏ စခန်းသိမ်းမီးပုံပွဲဖြစ်ပါကြောင်း၊ ပျော်ပျော်ရွှင်ရွှင်ဖြစ်စေရန် ဖျော်ဖြေမှုများနှင့်အတူ စီစဉ်ပေးထားကြောင်း၊ လူရည်ချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း လေ့လာရေးများဆောင်ရွက်ရင်း အမှတ်ရစရာများကျန်ခဲ့မည်ဟု ထင်မြင်ပါကြောင်းနှင့် ပျော်ရွှင်ကြည်နူးကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ငွေဆောင်ဇုန်မှ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က လည်းကောင်း၊ ငွေဆောင်လူရည်ချွန် စခန်းမှူး၊ ငွေဆောင် ဟိုတယ်ဇုန်လုပ်ငန်းရှင်များအသင်းနှင့် ချောင်းသာဟိုတယ်ဇုန် လုပ်ငန်းရှင်များအသင်းတို့ကလည်းကောင်း လူရည်ချွန်ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ထို့နောက် ကိုယ်စားပြုလူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မီးပုံပွဲဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ လူရည်ချွန်ကျောင်းသား ကျောင်းသူများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ဖြင့် ဝိုင်းဖွဲ့သီဆိုခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများ ဆောင်ရွက်ကြပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကောဒသမတန်း ကျောင်းသား ကျောင်းသူများ၏ လူရည်ချွန်စခန်း(ငွေဆောင်)ကို ပိတ်သိမ်းခဲ့သည်။

လူရည်ချွန်စခန်း(ငွေဆောင်)မှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ယမုံနာဦးဟိုတယ်၌ ပြုလုပ်သည့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းအလုပ်အမှုဆောင် တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း နာယက ဒေါက်တာမောင်မောင်ဦး၏ Artificial Intelligence(AI) ဉာဏ်ရည်တု ICT ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူဦး၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကဏ္ဍဆိုင်ရာ သိကောင်းစရာဟောပြောခြင်းအခမ်းအနားများသို့ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**❖ ဆီးဂိမ်းပြိုင်ပွဲမှ**

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ခဲ့သော်လည်း ကျဉ်းမြောင်းသည့် ဂိုးရလဒ်ဖြင့်သာ အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ဂိုးသွင်းခွင့်များစွာရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် မိနစ် ၇၀ ကျော်တွင် သွင်းယူသည့် တစ်ဂိုးတည်းဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ပြည့်ဖြိုးသူ (ဂိုး)၊ ဉာဏ်လင်းထက်၊ သက်ဟိန်းစိုး၊ လတ်ဝေဘုန်း၊ ကောင်းထက်ပိုင်၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ခွန်ကျော်ဇင်ဟိန်း၊ စွမ်းထက်၊ ဥက္ကာနိုင်နှင့် ဟိန်းထက်အောင်တို့ ပါဝင်ကစားခဲ့သည်။ ပထမပွဲတွင် အရေးနိမ့်ထားသည့် တီမောအသင်းမှာလည်း ရုန်းကန်ခဲ့သဖြင့် မြန်မာအသင်းအနေဖြင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးရနိုင်သည့်အခွင့်အရေး သုံးကြိမ်ထက်မနည်းရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဟိန်းထက်အောင်နှင့် ခွန်ကျော်ဇင်ဟိန်းတို့ အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့သလို ၂၄ မိနစ်တွင် တီမောအသင်း ပယ်နယ်တီဧရိယာအတွင်း ပြစ်ဒဏ်ဘောကန်ခွင့်ရရှိရာ ဟိန်းထက်အောင် ကန်သွင်းသော်လည်း တိုင်ထိထွက်သွားခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း အနိုင်ဂိုးရရန် ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြင့်လာခဲ့သည်။ ၇၃ မိနစ်တွင် မြန်မာအသင်း အနိုင်ဂိုးရရှိခဲ့ပြီး ထောင့်ကန်ဘောမှ တစ်ဆင့် ပြန်လျှံထွက်လာသောဘောလုံးကို နောက်ခံလူ သက်ဟိန်းစိုးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပွဲတွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစား လေးမှတ်၊ မြန်မာနှင့် အင်ဒိုနီးရှားအသင်းက တစ်ပွဲကစား တစ်ပွဲနိုင် သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက တစ်မှတ်ရထားကာ တီမောအသင်းမှာမူ နှစ်ပွဲစလုံး အရေးနိမ့်ထားသည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၄ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - seagames 2023

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၀ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၅ | ၂၈၁၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၂၅ | ၂၂၂၅ | ၂၂၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၁၅ | ၁၉၆၅ | ၁၉၆၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၅၀ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၅ | ၁၉၆၅ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၅ | ၂၂၃၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၃၀ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၃၀ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၄ | ၁၉၈၆ |
| 95 Ron | ၁၉၈၆ | ၂၀၆၀ |
| HSD (500 ppm) | ၁၈၁၆ | ၁၈၈၂ |
| HSD (50 ppm) | ၁၈၉၀ | ၁၉၅၇ |
| HSD (10 ppm) | ၁၈၉၀ | ၁၉၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ တောင်ကြီးမြို့နှင့် ကျောက်တလုံးကြီးမြို့ရှိ သမိုင်းဝင်အထင်ကရ ရှေးဟောင်းဘုရားစေတီများ ဖူးမြော်



တောင်ကြီး မေ ၂

တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်ဆရာ ဆရာမများ၊ လူရည်ချွန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နှင့် ကျောက်တလုံးကြီးမြို့ရှိ သမိုင်းဝင်ရှေးဟောင်းဘုရား၊ စေတီများအား သွားရောက်ဖူးမြော်ကြသည်။

ဦးစွာ လူရည်ချွန်မောင်မယ်များသည် တောင်ကြီးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်ဘုရားသို့ရောက်ရှိပြီး စေတီတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဖူးမြော်ကန်တော့ကြသည်။ ထို့နောက် ရွှေဘုန်းပွင့်ဘုရား အနောက်ဘက်ရှိ တောင်ကြီးမြို့ ရှုမျှော်ခင်းကြည့်စင်တွင် တောင်ကြီးလူရည်ချွန်စခန်းမှူး၊ ကြီးကြပ်ဆရာ ဆရာမများနှင့် လူရည်ချွန်မောင်မယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ကျောက်တလုံးကြီးမြို့ရှိရှေးဟောင်း သမိုင်းဝင် မွေတော်ကက္ကူဘုရားသို့ ရောက်ရှိကြရာ လူရည်ချွန်မောင်မယ်များကို ဒေသခံပအိုဝ်းတိုင်းရင်းသားများက အိုးစည်ဗုံမောင်းများတီးခတ်၍ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြသည်။

ဆက်လက်၍ လူရည်ချွန်အဖွဲ့များသည် မွေတော်ကက္ကူဘုရားစေတီများအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဘုရားပရိဝုဏ်အတွင်း လေ့လာကာ ကျောက်တလုံးကြီး အခြေခံပညာ အလယ်တန်းကျောင်း၌ နေ့လယ်စာသုံးဆောင်ကြသည်။

**ဖူးမြော်ကန်တော့**

ထို့နောက် လူရည်ချွန်အဖွဲ့များသည် တောင်ကြီးမြို့ကျက်သရေဆောင် စူဠာမုနိဘုရားကြီးသို့ရောက်ရှိကာ ပန်း၊ ရေချမ်းများ ဆက်ကပ်၍ ဖူးမြော်ကန်တော့ကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ထိုမှတစ်ဆင့် လူရည်ချွန်အဖွဲ့များသည် တောင်ကြီးမြို့မဈေးကို လှည့်လည်လေ့လာ၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ညပိုင်းတွင် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် စခန်းပိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ညစာစားပွဲအပြီးတွင် လူရည်ချွန်မောင်မယ်များသည် တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းတွင် စခန်းသိမ်းပွဲအထိမ်းအမှတ် မီးပုံပွဲကို တပျော်တပါး စုပေါင်းဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ယွန်းလုပ်ငန်း၊ ယွန်းပညာကောလိပ်၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့ကို လေ့လာ



နေပြည်တော် မေ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် အထင်ကရဘုရားပုထိုးစေတီများကို ဖူးမြော်လေ့လာကာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယွန်းလုပ်ငန်းများ၊ ယွန်းပညာကောလိပ်၊ အောင်မြေကုန်းနန်းတော်ရာနှင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့ကို လေ့လာကြသည်။

ဦးစွာ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းယွန်းထည်လုပ်ငန်းကို လည်းကောင်း၊ ပုဂံမြို့ဟောင်းရှိ ပုဂံယွန်းပညာကောလိပ် ယွန်းနှီးစဉ်ခန်းမ၌ ယွန်းလုပ်ငန်းပြုလုပ်ပုံအဆင့်ဆင့်ကို လည်းကောင်း၊ သီရိဇေယျာဘူမိပုဂံရွှေနန်းတော်ကြီးကို လည်းကောင်း၊ အနော်ရထာမင်းကြီးနှင့် ကျန်းစစ်သားမင်းကြီးတို့ နန်းစံခဲ့သည့် အောင်မြေကုန်းနန်းတော်ရာကိုလည်းကောင်း၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်ကိုလည်းကောင်း လေ့လာကြရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) တာဝန်ရှိသူများ၊ ပုဂံရှေးဟောင်းသုတေသနပြတိုက် တာဝန်ခံ ဒေါ်ခက်ခက်လှနှင့် ဝန်ထမ်းများ၊ ပုဂံယွန်းပညာကောလိပ်ဝန်ထမ်းများက ရှင်းလင်းပြသကြရာ လူရည်ချွန်ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ် Grade-10 လူရည်ချွန်များ၏ အင်းလေးဒေသလေ့လာရေးခရီးစဉ်အပေါ် ရင်တွင်းစကားသံများ

၂၀၂၃ ခုနှစ် Grade-10 လူရည်ချွန်များသည် အင်းလေးဒေသအတွင်းရှိ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဟောင်း၊ ကေလာကျေးရွာရှိ ရေပေါ်စိုက်ခင်းများ၊ ဟဲယာရွာမကျေးရွာရှိ ငွေထည်လုပ်ငန်း၊ အင်းလေးဖောင်တော်ဦးဘုရားတို့ကို ဧပြီ ၃၀ ရက်က ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြသည်။ အင်းလေးဒေသ၏ သဘာဝအလှတရားများ၊ ဓလေ့ထုံးတမ်းများ၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ပုံများနှင့် ရိုးရာလက်မှုလုပ်ငန်းများကို လာရောက်လေ့လာခဲ့သည့် လေ့လာရေးခရီးစဉ်အပေါ် ရင်တွင်းစကားသံများကို ဤသို့ကြားသိခဲ့ရပါသည်–



ဦးစံလင်း



နန်းဇီနီးနူးမိုင်



မောင်အာကာမိုး



မောင်ရဲလင်းကျော်



နန်းချောစုစုသိမ့်

**ဦးစံလင်း**
**(စိန်သမာဓိ**
**ငွေထည်လုပ်ငန်း၊ ဟဲယာရွာမ၊**
**အင်းလေး)**

လူရည်ချွန် မောင်မယ်တွေဆိုတာ တစ်နေ့တစ်ချိန်မှာ ကျွန်တော်တို့နိုင်ငံရဲ့ ကောင်းမွန်တဲ့ ပဲ့ကိုင်ရှင်တွေ ဖြစ်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အင်းလေးကန်ကို လာရောက်လေ့လာတဲ့အခါမှာ အင်းလေးမှာ လက်တွေ့လုပ်ကိုင်နေကြတဲ့ လုပ်ငန်းတွေ၊ အင်းလေးကန်ရဲ့ အခြေအနေတွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း အခုလို မိရိုးဖလာလုပ်ငန်းတွေကို ပြသခွင့်ရတဲ့အတွက် အထူးပဲဝမ်းမြောက်မိပါတယ်။

**နန်းဇီနီးနူးမိုင်**
**(အထက(၂) ဗန်းမော်၊**
**ကချင်ပြည်နယ်)**

အင်းလေးကန်ကို လာရောက်လေ့လာတဲ့ခရီးစဉ်မှာ ပထမဆုံး လေ့စီးရတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ အင်းလေးကန်အတွင်းက ရေပေါ်မှာစိုက်တဲ့ စိုက်ခင်းလေးတွေကို တွေ့ရတဲ့အတွက် အလွန်အံ့ဩမိပါတယ်။ လေ့လာ လည်ပတ်ခွင့်ရတဲ့ နေရာတွေအားလုံး လေ့လာခွင့်ရတဲ့အတွက် အလွန်ပီတိဖြစ်မိပါတယ်။

**မောင်အာကာမိုး**
**(အထက (ပလစ–၂) အမရပူရ၊**
**မန္တလေးတိုင်းဒေသကြီး)**

ဒီနေ့ခရီးစဉ်မှာ အလွန်ပျော်ရွှင်မိပါတယ်။ ဘုရားတွေလည်း ဖူးရတယ်။ မရောက်ဖူးတဲ့နေရာတွေလည်း ရောက်ရတယ်။ လူရည်ချွန်ဖြစ်ရတာလည်း ကိုယ့်ဘဝရဲ့ တစ်ဆစ်ချိုးမှာ ဂုဏ်ပုဒ်တစ်ခု ဖြစ်ခဲ့ရပါတယ်။ နောင်လည်း ယခုလိုမျိုး ဆက်လက်ကြိုးစားသွားပါ့မယ်။

**မောင်ရဲလင်းကျော်**
**(အထက (၂) ခရမ်း၊**
**ရန်ကုန်တိုင်းဒေသကြီး)**

အခုလိုမျိုး အင်းလေးကန်ကို လာရောက် လေ့လာခွင့်ရတဲ့အတွက် အလွန်ကိုပျော်ရွှင်မိပါတယ်။ တစ်ခါမှ မတွေ့ကြုံဖူးတဲ့ အတွေ့အကြုံတွေ၊ ဒေသန္တရဗဟုသုတတွေ ရရှိပါတယ်။ ဖောင်တော်ဦးဘုရား ဖူးရတဲ့အတွက်လည်း အလွန်ကြည်နူးမိပါတယ်။ သူငယ်ချင်းတွေနဲ့ စက်လှေစီးရတာလည်း အလွန်ပျော်ပါတယ်။

**နန်းချောစုစုသိမ့်**
**(အထက (၁) ဘားအံ၊**
**ကရင်ပြည်နယ်)**

အင်းလေးကို တစ်ခါမှ မရောက်ဖူးခဲ့ပါဘူး။ ဒီနေ့ လေ့လာခဲ့တဲ့နေရာတွေကလည်း ဗဟုသုတတွေ အများကြီးရပါတယ်။ ပျော်ဖို့လည်းကောင်းပါတယ်။ ဒီခရီးစဉ်မှာ သူငယ်ချင်းအသစ်တွေလည်း အများကြီးရခဲ့ပါတယ်။ တောင်ကြီး၊ အင်းလေးခရီးစဉ်ကို နောက်တစ်ခါ ထပ်လာချင်ပါသေးတယ်။

**တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ**
**နေမျိုးသူရိန်**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၈-၄-၂၀၁၃ ရက်နေ့မှအဆက်)

**သူဌေးကြီးသုံးဦးက သူတို့ဆောက်လုပ်လှူဒါန်းသော ကျောင်းတိုက်များ အလှူခံရန် လျှောက်ထားခြင်း**

ဘုရားရှင်သည် မာဂဏ္ဍီလင်မယားနှစ်ဦးအား တရားခြွေချွတ်ပြီးနောက် ရဟန်းအပေါင်းခြံရံလျက် ကောသမ္ဗီပြည်သို့ ဦးတည်၍ ဒေသစာရီ ကြွတော်မူသည်။ ယင်းကောသမ္ဗီပြည်သို့ရောက်သောအခါ သူဌေးကြီးသုံးဦးသည် ဘုရားရှင်အားပင့်ဆောင်၍ သူတို့ဆောက်လုပ်ထားသော ကျောင်းတိုက်ကို လက်ခံပေးရန် လှူဒါန်းလေသည်။

ဘုရားရှင်သည် သူဌေးသုံးဦး၏ တောင်းခံလျှောက်ထားခြင်းကြောင့် လက်ခံပြီး ဤကျောင်းတိုက်သုံးတိုက်တို့တွင် တစ်လှည့်စီ သီတင်းသုံး၍ "နဝမဝါ" ကပ်တော်မူလေသည်။

သူဌေးကြီးသုံးဦးသည် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတော်တို့အား ကြီးစွာအလှူကို ပေးလှူကြသည်။ ဘုရားရှင်သည် တစ်နေ့တစ်ရက်စီ ကျောင်းတိုက်သုံးတိုက်ကို သီတင်းသုံးသည်။ ပထမ ဃောသိတအိမ်သို့ကြွကာ ဆွမ်းဘုဉ်းပေးပြီး ယင်းကျောင်းတော်၌ သီတင်းသုံးသည်။ ဒုတိယ ရက်တွင် ကုက္ကုဋ္ဌာရုံ၌ သီတင်းသုံးလျက် ၎င်း၏ အိမ်တော်တွင်ကြွ၍ ဆွမ်းဘုဉ်းပေးသည်။ တတိယ ရက်တွင် ပါဝါရိကသူဌေးအိမ်၌ ဆွမ်းဘုဉ်းပေး ပြီး ပါဝါရိကာရုံကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည်။ ဤသို့ ဘုရားရှင်က တစ်ကျောင်းတိုက်စီ သီတင်းသုံးသည်။

ထိုသူဌေးသုံးဦးသည် တစ်ဦးတစ်ရက်ကျစီ အလှည့်ကျ အလှူကြီးပေး၍ တစ်လကြာသောအခါ ဘုရားရှင်မှာ အလုံးစုံသောလူတို့အား သနားစောင့်ရှောက်တော်မူသဖြင့် ချီးမြှောက်ရန် ပွင့်တော်မူခြင်းဖြစ်သည်။ ထို့ကြောင့် အခြားလူများကို ကုသိုလ်ကောင်းမှု ပြုခွင့်ပေးကြကုန်အံ့ဟု ဘုရားရှင်က ကောင်းမှုပြုခွင့်ကို နှိုးဆော်တိုက်တွန်းတော်မူလေသည်။

ဤနေ့ ဤအချိန်မှစ၍ မြို့သူမြို့သားအပေါင်းသည် လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် အလှူဒါနကို ကြီးကျယ်ခမ်းနားစွာ ပေးကြကုန်သည်။

**သာမာဝတီမိဖုရားနှင့် ၎င်းအား ခြံရံထားသော မိဖုရားငါးရာသောတာပန်ဖြစ်ခြင်း**

ကောသမ္ဗီပြည့်ရှင် ဘုရင်မင်းမြတ်၌ မိဖုရားသုံးဦးရှိသည်။ ၎င်းတို့မှာ(၁) သာမာဝတီ၊ (၂) ဝါသုလဒတ္တာ၊ (၃) မာဂဏ္ဍီ အမည်ရှိသော မိဖုရားများဖြစ်ကြသည်။ ၎င်းမိဖုရားသုံးဦးသည် တစ်ဦးလျှင် မောင်းမမိသံ ငါးရာစီခြံရံလျက် ပြာသာဒ်တစ်ဆောင်စီ၌ နေတော်မူသည်။

သာမာဝတီမိဖုရားတွင် "ခုဇ္ဇုတ္တရာ"မည်သော ကျွန်မတစ်ဦးရှိသည်။ ၎င်းကို နေ့စဉ် မိဖုရားအား ပန်းများဆက်သရန် ငွေရှစ်ကျပ်ပေးထားသည်။ ၎င်းသည် တစ်ဝက်ဖြစ်သော လေးကျပ်ကိုသာ ပန်းများဝယ်၍ ကျန်လေးကျပ်ကို ခိုးယူထားလေသည်။

တစ်နေ့သောအခါ၌ သူဌေးကြီးသုံးဦး အလုပ်အကျွေးပြုသော ပန်းသည်သုမနသည် ဘုရားရှင်နှင့်တကွသော ရဟန်းသံဃာတို့အား ဆွမ်းကပ်ခွင့်တောင်းခံပြီး တစ်ရက်မျှ ဆွမ်းကပ်သည်။ ထိုအချိန်၌ သာမာဝတီမိဖုရားကြီးအား နေ့စဉ်ပန်းဆက်နေရသော ကျွန်မခုဇ္ဇုတ္တရာသည် ပန်းဝယ်ရန်သွားချိန်၌ ဘုရားရှင်က ဆွမ်းအနုမောဒနာတရား ဟောကြားသည်နှင့်ကြုံ၍ တရားနာလိုက်ရသောကြောင့် ခုဇ္ဇုတ္တရာကျွန်မသည် သောတာပန်ဖြစ်သွားလေသည်။ ဘုရားရှင်၏ တရားဓမ္မကြောင့် ခုဇ္ဇုတ္တရာကျွန်မသည် သူနေ့စဉ်ဆက်သနေရသော ပန်းဖိုးထဲမှ ပန်းဖိုးခိုးယူ အသပြာငွေတစ်ဝက်ခွဲကို မခိုးယူတော့ဘဲ ပန်းကို ရှစ်ကျပ်ဖိုးအပြည့်ဝယ်ဆက်သည်။ မိဖုရားသည် ပန်းများလာ၍ သူ့အား ချစ်ခင်တိုးပွားသောကြောင့် ပန်းများများ တိုးပွားရခြင်းဖြစ်သလားဟု ခုဇ္ဇုတ္တရာကျွန်မကို မေးလေသည်။ ကျွန်မက အကျိုးအကြောင်းအမှန်ကို ပြောပြသောအခါ သာမာဝတီမိဖုရားကြီးကလည်း သူနာကြားခဲ့ရသော တရားကို သူ့အား မျှပါဟု တောင်းခံသည်။ အခြွေအရံမောင်းမများကလည်း ဤသို့ပင် သူတို့အားလည်း မျှတပါဟု တောင်းခံကြလေသည်။ ဤတရားကို ခုဇ္ဇုတ္တရာကလည်း သူနာကြားခဲ့ရသော တရားအတိုင်း မိဖုရားတို့အား ပြန်ပို့ချဟောကြားပေးသည်။ ၎င်းသည် ဉာဏ်ပညာထက်မြက်သူဖြစ်သဖြင့် တရားသဘောကို နားလည်ပြီး ပြန်ဟောပြနိုင်ခြင်းဖြစ်သည်။

**မှတ်ချက်** ။ ။ ခုဇ္ဇုတ္တရာသည် ရှေးယခင် အတိတ်ဘဝက ကဿပဘုရားလက်ထက်၌ ၎င်းမှာ ဉာဏ်ပညာပါရမီရှိသူဖြစ်သောကြောင့် တစ်ကြိမ် တရားနာလိုက်ရုံဖြင့် စ၊ လယ်၊ ဆုံး သုံးပါးလုံး နားလည်သဘောပေါက်နိုင်သော ပါရမီရှိသည်။ သို့သော် ၎င်းသည် သူ၏သူငယ်ချင်းဖြစ်သော ရဟန်းမကို စေခိုင်းလိုက်သည့်မကောင်းမှုကံကြောင့် ယခုဘဝ၌ သူတစ်ပါးအိမ်တွင် ကျွန်ဖြစ်ရခြင်းဖြစ်သည်။ သူသည် ဟိုရှေးယခင်ဘဝကလည်း ဗာရာဏသီမင်းသမီး၏ ကျွန်မဖြစ်စဉ်က ပစ္စေကဗုဒ္ဓါရှစ်ပါးအား ဆင်စွယ်လက်ကောက်တို့ကို သပိတ်ခြေအဖြစ် လှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့် ယခုဘဝ၌ ဉာဏ်ပညာကြီးမားသော ပုဂ္ဂိုလ်ဖြစ်ရခြင်းဖြစ်သည်။ ခါးကုန်းသော ပစ္စေကဗုဒ္ဓါတစ်ပါး၏ အမူအရာသွားဟန်ကို ပြက်ရယ်ပြုမှုကြောင့် ယခုဘဝ၌ ခါးကုန်းနေခြင်းဖြစ်သည်။

၎င်း၏ ဟောကြားခြင်းကြောင့် သာမာဝတီမိဖုရားနှင့်အပေါင်းပါ မောင်းမငါးရာတို့သည် သောတာပန်များဖြစ်ကြသည်။ ၎င်းတို့ ဘုရားရှင်ကို နေ့စဉ်မပြတ် ပူဇော်ကြချင်သည်။ သို့သော် ဥတေနမင်းကြီးသည် သဒ္ဓါတရားမရှိသူဖြစ်သည်။ ၎င်းတို့သည် မင်းကြီးအား ကြောက်ကြသဖြင့် နေ့စဉ်မပြတ် ပန်းတစ်ပွင့်မျှပင် မလှူရဲကြပါ။ ထိုသို့ဖြစ်ခြင်းကြောင့် မိဖုရားနှင့် မောင်းမငါးရာတို့သည် ဘုရားရှင် ဆွမ်းခံရာတွင် ကြည့်ရှု၍ ပြာသာဒ်မှ ဖူးမြော်ကန်တော့ကြသည်။ ဤသို့ဖူးမြော်ကန်တော့ရာတွင် နေရာမလုံလောက်၍ နံရံ၌ အပေါက်ငယ်များ ဖောက်ပြီး ၎င်းအပေါက်များမှ ဘုရားရှင်အား ဖူးမြော်ကန်တော့ကြသည်။

> ခုဇ္ဇုတ္တရာသည် ရှေးယခင် အတိတ်ဘဝက ကဿပဘုရားလက်ထက်၌ ၎င်းမှာ ဉာဏ်ပညာပါရမီရှိသူဖြစ်သောကြောင့် တစ်ကြိမ် တရားနာလိုက်ရုံဖြင့် စ၊ လယ်၊ ဆုံး သုံးပါးလုံး နားလည်သဘောပေါက်နိုင်သော ပါရမီရှိသည်။ သို့သော် ၎င်းသည် သူ၏သူငယ်ချင်းဖြစ်သော ရဟန်းမကို စေခိုင်းလိုက်သည့် မကောင်းမှုကံကြောင့် ယခုဘဝ၌ သူတစ်ပါးအိမ်တွင် ကျွန်ဖြစ်ရခြင်းဖြစ်သည်။ ခါးကုန်းသော ပစ္စေကဗုဒ္ဓါတစ်ပါး၏ အမူအရာသွားဟန်ကို ပြက်ရယ်ပြုမှုကြောင့် ယခုဘဝ၌ ခါးကုန်းနေခြင်းဖြစ်



**ဘုရားရှင်အား မာဂဏ္ဍီမိဖုရားက ရန်ငြိုးဖြင့် ပြုမူဆောင်ရွက်ခြင်း**

မာဂဏ္ဍီမိဖုရားကြီးသည် ဘုရားရှင် ကောသမ္ဗီပြည်သို့ ကြွလာမည်ဟု သတင်းစကားကြားလေသော် ယခင်က ဘုရားရှင်၏ ပြောဆိုချက်အပေါ် မကျေနပ်သည့် ရန်ငြိုးကြောင့် မသင့်တော်သည်ကို ကြံလေသည်။ ဘုရားရှင်နှင့် ရဟန်းသံဃာများ ဤပြည်သို့ ဝင်ရောက်လာသော် နားမချမ်းသာအောင် ဆဲရေးခြိမ်းခြောက်ရန် အရက်သေစာသောက်စားသည့် လူမိုက်လူယုတ်အား တံစိုးလက်ဆောင်ပေး၍ မာဂဏ္ဍီမိဖုရားက ခိုင်းစေသည်။

၎င်းလူမိုက်၊ လူယုတ်မာတို့ကလည်း မိဖုရားကြီးတံစိုးလက်ဆောင်ကြောင့် ဘုရားရှင်နှင့်ရဟန်းသံဃာများ ဤပြည်ထဲသို့ ဝင်လာသောအခါ မာဂဏ္ဍီမိဖုရားခိုင်းသည့်အတိုင်း ဆဲရေးခြိမ်းခြောက်ကြသည်။ ထိုအခါ အရှင်အာနန္ဒာက ဘုရားရှင်သို့ လျှောက်ထားသည်။ ဤမျှဆိုးသော ပြည်သူပြည်သားများရှိသောနေရာသို့ မကြွဘဲ အခြားတစ်နေရာသို့ကြွရန် လျှောက်ထားသည်။ ဘုရားရှင်က အရှင်အာနန္ဒာအား "ဘုရားတို့မည်သည် တွေ့ကြုံလာသော လောကဓံတရားရှစ်ပါးကို ခံနိုင်ရပါမည်။ မတုန်လှုပ်သင့်ကြောင်း စစ်မြေပြင်၌ ဆင်ပြောင်ကြီးထံသို့ မြားများ မည်မျှရောက်လာပါစေ ရှောင်ပြေးခြင်းမရှိဘဲ ကြံ့ကြံ့ခံသကဲ့သို့ မိမိတို့အား မိုက်မဲသီလမရှိသူတို့၏ ဆဲရေးခြင်းကို သည်းခံခြင်းသည် ဘုရားရှင်တို့၏တာဝန်ဖြစ်ကြောင်း" မိန့်မြွက်သည်။ ထို့အပြင် အရှင်အာနန္ဒာလျှောက်ထားသည့်အတိုင်း တခြားနေရာသို့ ရှောင်ပြေးခြင်းသည် နောက်တစ်နေရာမှလည်း ဤသို့ဆိုလျှင် မည်သို့မျှဆုံးမည်မဟုတ်ပါ။ ယင်းသို့သော ပြဿနာကို ရင်ဆိုင်ဖြေရှင်းရမည်။ ဤသို့ ဆဲရေးခြိမ်းခြောက်ခြင်းသည် ခုနစ်ရက်ကြာလျှင် ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း ဘုရားရှင်က မိန့်ကြားသည်။ ဤသို့ မိန့်ကြားသည်ကို ကြားလျှင် လူဆိုးလူမိုက်တို့က ဘုရားရှင်အား ကြည်ညိုသွားလေသည်။

မာဂဏ္ဍီမိဖုရားသည် ယခုသို့ ဆောင်ရွက်လုပ်ဆောင်သည်မှာ မအောင်မြင်သော် နောက်တစ်နည်းကြံလေသည်။ ၎င်းသည် သာမာဝတီမိဖုရားနေသောအဆောင်သို့ သွားသောအခါ နံရံများတွင် အပေါက်များ ဖောက်ထားသည်ကိုတွေ့၍ မေးလေသည်။ သာမာဝတီမိဖုရားနှင့် မောင်းမတို့က ဘုရားရှင်အား ဖူးမြော်စဉ်က ယင်းအပေါက်များဖောက်၍ ကြည်ညိုဖူးခြင်းဖြစ်ကြောင်း ပြောဆိုလေသည်။

ထိုအကြောင်းကိုသိရသော မာဂဏ္ဍီသည် ကောသမ္ဗီဘုရင်ကြီးအား သာမာဝတီမိဖုရားသည် အရှင်မင်းကြီးအား မချစ်ကြောင်း၊ ခရီးလှည့်လည်သွားနေသော ဂေါတမအား ကြင်နာစုံမက်၍ ယင်းသို့ အပေါက်များဖောက်ကြောင်း ကုန်းချောလေသည်။ သူတို့ဖောက်ထားသောနံရံမှ အပေါက်များကို သွားကြည့်ပါလောဟု လျှောက်ထားသည်။

ဥတေနမင်းကြီးသည် သွားရောက်ကြည့်ရှုစုံစမ်းသောအခါ အကြောင်းစုံကိုသိရသဖြင့် အမျက်ဒေါသမထွက်ဘဲ ဖောက်ထားသောအပေါက်များ ပိတ်စေပြီး လေသာပြတင်းပေါက်များကို များများ ဖောက်ပေးစေလေသည်။

ထို့နောက် မာဂဏ္ဍီမိဖုရားသည် ကျေးဇူးရှိသော လင်ယောက်ျား၏ကျေးဇူးကို မသိ၊ ကျေးဇူးမရှိသော အရှင်ဂေါတမကို ဂုဏ်ပြုချီးမွမ်းလေ့ရှိသည်။ အရှင်အား ချစ်သည်မမြင်ဟူ၍ လျှောက်ထားသည်။ ထို့အပြင် ဤသို့သိလိုပါက အရှင်မင်းကြီးအတွက် ကြက်ရှစ်ကောင်ကို သတ်ဖြတ်၍ ပို့စေလော့ဟု ခိုင်းစေပြီး စုံစမ်းရန် အကြံပြုလေသည်။

မင်းကြီးသည် မာဂဏ္ဍီဆိုသည့်အတိုင်း ဆောင်ရွက်ရာ သာမာဝတီနှင့် မောင်းမငါးရာတို့က ကြက်အရှင်တို့ကို မည်ကဲ့သို့ချက်ရမည်နည်းဟူ၍ ဆိုနေကြလေသည်။ **စာမျက်နှာ ၂၀ သို့** ❁

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁-၅-၂၀၂၃ ရက်မှအဆက်

ကိုအေးဆွေကလည်း ကိုပန်းခွေးတို့ လုပ်ချင်စိတ်ပေါ်လာပြီး နားလည်သဘောပေါက်သွားအောင် ဆွေးနွေး၏။ အကယ်၍ အကောင်အထည်ဖော်မည်ဆိုပါလျှင် အင်တိုက်အားတိုက် ကူညီပါမည်ဟု အားပေးကတိပြု၏။ လုပ်သောအခါမှာလည်း ဒုတိယအဆင့်ကစ၍ လုပ်လျှင် ပိုကောင်းမည်ထင်ကြောင်း၊ ယခု မိမိတို့မှာ ပထမအဆင့်တွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရလွန်းသဖြင့် ယခု ဒုတိယအဆင့်ကို လုပ်နေရပြီဖြစ်ကြောင်း စသည်ဖြင့် အကြံပေး ရှင်းပြလေသည်။ ဘကြီးထွန်းဘော်နှင့် ကိုပန်းခွေးတို့သည် ကျေနပ်လောက်အောင် ဆွေးနွေးကြပြီး နေဝင်မှပင် ပြန်သွားကြလေသည်။

ကိုပန်းခွေးတို့ လာရောက်ဆွေးနွေးကြသလို သံဖို၊ နှစ်ကျပ်ခွဲ၊ တင့်ကန်၊ လေးရွာ၊ ထန်းတောကြီး၊ ရွာတန်းရှည်၊ ဖိုစု၊ ကန်တယာ၊ ဘို့ထွင်း၊ ပိန္နဲကြီးတော၊ တောင်ဇင်၊ တက်မ၊ ရွာသစ် အစရှိသော ရွာများမှ ထန်းသမားများသည်လည်း ပြီးခဲ့သော ရက်ပိုင်းများက ကိုအေးဆွေတို့ လက်တွေ့လုပ်ငန်းများကို လာရောက်ကြည့်ရှု အကဲခတ်ရင်း ဆွေးနွေးသွားခဲ့ကြဖူးလေသည်။

[ ၂၀ ]

“ဟေ့ အေးဆွေ၊ အေးဆွေ”

ကိုအေးဆွေသည် ဆရာကြီးဦးလှဒင်နှင့် ဆွေးနွေးစရာကိစ္စများ ဆွေးနွေးပြီးနောက် မြို့လယ်ရှိ လမ်းမကြီးအတိုင်း တောင်မှမြောက်သို့ လျှောက်လာခဲ့၏။ ဈေးနားသို့ရောက်ခါနီးတွင် နောက်ဘက်ဆီမှ ခေါ်သံကြားလိုက်ရ၍ ကိုအေးဆွေက ပြန်လှည့်ကြည့်လိုက်၏။

“ဟာ၊ လှကြည်”

လမ်းဘေး လက်ဖက်ရည်ဆိုင်အတွင်းမှ ထွက်လာသော ရဲအုပ်ဝတ်စုံနှင့် လှကြည်အား တွေ့လိုက်ရ၍ ကိုအေးဆွေက ဝမ်းသာအားရ ပြန်ခေါ်လိုက်၏။

“သူငယ်ချင်း၊ ဘယ်တုန်းက ပြန်ရောက်နေလဲကွ”

မျက်နှာချင်းဆိုင် တွေ့လိုက်လျှင်ပင် ကိုအေးဆွေက မေးလိုက်သည်။

“ငါ ပြန်ရောက်နေတာ တစ်ပတ်လောက်ရှိပြီကွ။ ရောက်ရောက်ချင်း အမှုကိစ္စနဲ့နယ်ကို တန်းထွက်နေရလို့




မနေ့ကပဲ တောကပြန်ရောက်တယ်”

လှကြည်သည် ကိုအေးဆွေ၏ပခုံးကို ဖက်ပွေ့လိုက်ရင်း ဝမ်းသာအားရဖြင့် ဆို၏။ သူငယ်ချင်းနှစ်ဦး ကွဲကွာနေကြသည်မှာ သုံးနှစ်ကျော်ပြီဖြစ်၍ ရုတ်တရက် ပြန်တွေ့လိုက်ရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

“ငါလည်း ရန်ကုန်က ရောက်စကတည်းက မင့်အကြောင်း မေးကြည့်တော့ မန္တလေးမှာ ရဲအုပ်ဖြစ်နေတယ်လို့ သိရတယ်ကွ”

“ဟုတ်တယ် သူငယ်ချင်း၊ မင်းလည်း မင်းရည်ရွယ်ချက်နဲ့ ရန်ကုန်ထွက်သွားတော့ ငါလည်း ဘာလုပ်ရမလဲလို့ စဉ်းစားနေတယ်။ ကောလိပ်ထိအောင် တက်ဖို့ကလည်း အိမ်က စရိတ်မတတ်နိုင်ဆိုတော့ ငါ့မှာ ဟိုဟာလုပ်ရကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုးနဲ့ ယောင်လည်လည်ဖြစ်နေတုန်း တစ်နေ့ သတင်းစာထဲမှာ ရဲအုပ်သင်တန်းခေါ်တာတွေ့တာနဲ့ ရချင်ရ၊ မရချင်နေဆိုပြီး လျှောက်လိုက်တာ အခန့်သင့်ပဲဟေ့၊ ရသွားပြီးနောက် သင်တန်းဆင်းတော့ ရဲအုပ်ဖြစ်သွားတယ်ဆိုပါတော့ကွာ”

“အေးကွာ၊ မင်း ဒီလို အလုပ်နဲ့ အကိုင်နဲ့ ဖြစ်လာတာတွေ့ရတော့ ငါ သိပ်ဝမ်းသာတယ်ကွာ”

ကိုအေးဆွေက တကယ်ပင် လှိုက်လှိုက်လှဲလှဲဖြင့် လှကြည်ပခုံးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လှုပ်ယမ်းရင်း ပြောလိုက်၏။

“ကဲ သူငယ်ချင်း၊ လမ်းပေါ်မှာရပ်ပြီး စကားပြောနေလို့ မကောင်း ဘူး။ မင်းကို ပြောစရာစကားတွေ အများကြီးရှိတယ်။ လာ၊ လက်ဖက်ရည်ဆိုင်ထဲမှာ လက်ဖက်ရည်သောက်ရင်း အေးအေးဆေးဆေး စကားပြောရအောင်”

လှကြည်က ပြောပြောဆိုဆို ကိုအေးဆွေအား ဆွဲခေါ်သည်။

“လက်ဖက်ရည်တော့ မသောက်တော့ဘူး သူငယ်ချင်း၊ ခုပဲ ဆရာကြီးအိမ်က ငါသောက်ပြီးပြန်လာတာ” ဟု ကိုအေးဆွေက ငြင်းဆို၏။

“ကဲ ဒါဖြင့်ရင်လည်း တို့အိမ်ကို လိုက်ခဲ့ကွာ။ မင်းလည်း ရွာကိုပြန်မှာပဲ မဟုတ်လား။ လမ်းကျပါတယ်။ မင်းကို ခင်သန်းငွေအကြောင်းတွေ ပြောစရာရှိလို့”

လှကြည်၏စကားကို ကြားလိုက်ရလျှင် ကိုအေးဆွေ၏မျက်နှာသည် ရုတ်ခြည်းပင် ဝင်းလက်သွားသည်။ မျက်လုံးများလည်း အရောင်တောက်ပလာသည်။ စိတ်လည်း လှုပ်ရှားလာသည်။

ယင်းသို့ဖြင့် ကိုအေးဆွေနှင့် လှကြည်တို့သည် စကားတပြောပြောနှင့် အနောက်ပြည်တော်သာ ကွက်သစ်ဘက်ဆီသို့ ထွက်လာခဲ့သည်။

ကိုအေးဆွေမှာ လှကြည်နှင့် စကားပင်ပြောနေရစေကာမူ သူသည် ခင်သန်းငွေအကြောင်းကိုသာ စဉ်းစားနေမိသည်။ ပြီးခဲ့သောလက ခင်သန်းငွေထံမှ စာတစ်စောင် ရောက်လာသည်။ ထိုစာတွင် သူသည် အောက်တိုဘာ ကျောင်းပိတ်ရက်က အိမ်သို့ပြန်လာရန် အစကရည်ရွယ်ခဲ့သော်လည်း ရှေးဟောင်းရာဇဝင်များကို လက်တွေ့ သုတေသနပြုလုပ်လိုသဖြင့် တက္ကသိုလ် ရာဇဝင်အသင်းသားများနှင့်အတူ သထုံမြို့ဟောင်းဘက်ဆီသို့ ခရီးထွက်ကြကြောင်း၊ ကျန်းမာကြောင်း၊ သတိရကြောင်း စသည်တို့အပြင် မိမိတို့ စုပေါင်းထန်းလုပ်ငန်း အကြောင်းကို မေးထားလေသည်။ ထိုနောက် သူ့ထံမှ စာရောက်မလာတော့ချေ။

မကြာမီ ကိုအေးဆွေတို့သည် အနောက် ပြည်တော်သာကွက်သစ် လမ်းမတန်းရှိ လှကြည်အိမ်သို့ ရောက်သွားလေသည်။

“ကိုင်း အေးဆွေ၊ ထိုင်ကွာ။ ငါ အဝတ်အစား ခဏလဲလိုက်ဦးမယ်”

လှကြည်သည် ကိုအေးဆွေအား ဧည့်ခန်းတွင် အထိုင်ခိုင်းပြီး သူ့အခန်းထဲဝင်သွားသည်။

ကိုအေးဆွေသည် လမ်းတစ်လျှောက်လုံးနှင့် ယခု လှကြည်တို့အိမ်ရောက်သည်အထိ လှကြည်ပြောသမျှကိုသာ တအင်းအင်းလိုက်ရင်း နားထောင်နေ၏။ တကယ်တော့ ကိုအေးဆွေ စိတ်ဝင်စား၍ နားထောင်ချင်သည်ကတော့ ခင်သန်းငွေ၏အကြောင်းကိုသာ။

ယခု လှကြည်နှင့် တွေ့ခဲ့သည်ဟုဆိုသည်။ ဘယ်မှာတွေ့ခဲ့လေသနည်း။ ခင်သန်းငွေကလည်း မိမိအကြောင်းတွေကို ပြောလိုက်သည်ဟုဆိုသည်။ ဘာတွေများ ပြောလိုက်လေသနည်း။ ဒါကိုသာ ကိုအေးဆွေက အလွန်သိချင်နေသည်။

“ကဲ သူငယ်ချင်း၊ ခင်သန်းငွေနဲ့ ဘယ်မှာများ တွေ့ခဲ့သလဲ၊ အကျိုးအကြောင်းလေးများ လင်းစမ်းပါဦး”

ကိုအေးဆွေသည် လှကြည်တစ်ယောက် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် လာထိုင်အချ တစ်ခါတည်း တိုက်ရိုက်မေးချလိုက်သည်။ သူသည် သိချင်စိတ်ကို မျိုသိပ် ချုပ်တည်း၍ မထားနိုင်တော့ပါတကား။

“ဟဲ ဟဲ အေးဆွေကလဲကွာ၊ သိရမှာပေါ့။ တကတဲ ငါဖွင့်ပြောတဲ့ အချိန်ထိ အောင့်တောင်မစောင့်နိုင်တော့ဘူးလား”

လှကြည်သည် ကိုအေးဆွေ၏ အငမ်းမရဖြစ်နေသည့် အခြေအနေကို ရိပ်မိသဖြင့် ရယ်ရယ်မောမောပြောရင်း ဈေးကိုင်နေသည်။ ထို့နောက် သူသည် သူ့ညီမလေးများအား ကော်ဖီယူခဲ့ပါ၊ ဆေးလိပ်ယူခဲ့ပါ စသည်ဖြင့် အော်တောင်းနေသည်။ သူ့အဖေနှင့် အမေတော့ ဘယ်သို့သွားလေသည် မသိ၊ မရှိပေ။

ကိုအေးဆွေမှာ ဣန္ဒြေမပျက်သာ စောင့်ကြည့်နေရတော့သည်။ တကယ်တော့ ရင်တွင်းမှာ တလှပ်လှပ်ခုန်ရင်း စိတ်လှုပ်ရှားနေသည်။ ပီတိစိတ်များဟုပင် ဆိုရလေမည်လား။

“လှကြည်ရာ၊ ငါ့ကို ညှဉ်းမနေစမ်းပါနဲ့။ ပြောမယ့်ဟာသာ မြန်မြန်ပြောစမ်းပါကွာ”

ကိုအေးဆွေသည် မချိပြုံး ရုက်ပြုံးလေးပြုံး၍ပြရင်း နောက်တစ်ကြိမ်လောလိုက်ပြန်၏။

“မင်းကို လမ်းကတည်းက ငါ အကဲခတ်နေတာ။ မင်း ငါပြောတဲ့စကားကိုတောင် သိပ်စိတ်မဝင်စားဘူး မဟုတ်လား အေးဆွေ။ ဝန်ခံစမ်းပါကွာ။ မင်းဟာ ငွေဆိုတဲ့ အသံလေးကြားလိုက်တာနဲ့ တစ်ခါတည်း မင်းအသည်းနှလုံးတွေရော ကျောက်ကပ်တွေရော၊ အိုကွာ ကလီစာတစ်ခုလုံး ဆတ်ဆတ်ခုန်အောင် လှုပ်ရှားနေတယ် မဟုတ်လား”

ကိုအေးဆွေမှာ ပြုံး၍သာနေ၏။

အညာဒေသ မြေလတ်အရပ်ဖြစ်၍ ဆောင်းဦးပေါက်ရာသီ၏ နေ့လယ် ပိုင်းဖြစ်သော်လည်း အိမ်ပြင်ဘက်တွင် နေရောင်ခြည် ဖျော့ဖျော့က လွှမ်းခြုံနေသည်။

“ဘယ်လိုလဲ အေးဆွေ။ ငါ တစ်ချိန်က ပြောခဲ့တဲ့အတိုင်း မင်းတို့ပါးစပ်က ဖွင့်ပြီး ဝန်မခံကြပေမဲ့ မင်းတို့ရဲ့ မျက်လုံးတွေက သက်သေခံနေတယ်ကွ။ ဟော ခုဆိုရင် မင်းရဲ့အသည်းနှလုံးတွေက ဝန်ခံနေသလို၊ ဟိုက ခင်သန်းငွေကလည်း ဝန်ခံနေပြီဆိုတာ ငါ အကဲခတ်မိခဲ့တယ်ကွ။ ဘာ့ကြောင့်ဆိုတော့ သူဟာ မင်းအကြောင်းများ ပြောလိုက်ရင် မမောနိုင် မပန်းနိုင်၊ မျက်လုံးကလေးတွေကလည်း အရောင်တောက်လို့ ရွှန်းလို့။ ဒါပေမဲ့ တစ်ခါတစ်ခါကျတော့လည်း သူ့မျက်လုံးကလေးတွေဟာ ဆွေးရိပ်ကလေးတွေ သမ်းနေတာကို တွေ့ခဲ့ရတယ်ကွ”

ကိုအေးဆွေသည် သက်ပြင်းကို ရှိုက်ချလိုက်သည်။ သူ့ရင်တွင်းမှာလည်း အမည်မဖော်တတ်သော ဝေဒနာက တလှပ်လှပ်နှင့် ခံစားလာရသည်။

“ကဲ ထားပါတော့ကွာ၊ ငါလန်ပ္ပါးမှုပဲ၊ ငါ ရင်မောလွန်းလို့ပါ။ မင်းနဲ့ ခင်သန်းငွေနဲ့ ဘယ်မှာတွေ့ခဲ့တယ်ဆိုတာသာ ပြောစမ်းပါကွာ”

ကိုအေးဆွေက တောင်းပန်သလိုလိုနှင့် စိတ်မရှည်သလို ညည်းညည်းလေး ပြောလိုက်၏။

ဒီတော့လည်း လှကြည်မှာ ကိုအေးဆွေအား သနားစိတ်ဝင်လာကာ ခင်သန်းငွေနှင့် တွေ့ခဲ့ရသည့်အကြောင်းကို စတော့၏။

လှကြည်သည် မန္တလေးမြို့ ရဲအုပ်သင်တန်းကျောင်းမှ ဆင်းလာပြီးသည့်နောက် မန္တလေးမြို့ရှိ ရဲဌာနတစ်ခုတွင် တစ်နှစ်ခန့် အမှုထမ်းရ၏။ ထို့နောက် ပျဉ်းမနား၊ ထိုကမှ ရန်ကုန်ရှိ ကမာရွတ်ရဲဌာနသို့ ပြောင်းရွှေ့လာရ၏။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

“ကိုအေးဆွေမှာ လှကြည်နှင့် စကားပင်ပြောနေရစေကာမူ သူသည် ခင်သန်းငွေအကြောင်းကိုသာ စဉ်းစားနေမိသည်။ ပြီးခဲ့သောလက ခင်သန်းငွေထံမှ စာတစ်စောင် ရောက်လာသည်။ ထိုစာတွင် သူသည် အောက်တိုဘာကျောင်းပိတ်ရက်က အိမ်သို့ပြန်လာရန် အစကရည်ရွယ်ခဲ့သော်လည်း ရှေးဟောင်းရာဇဝင်များကို လက်တွေ့သုတေသန ပြုလုပ်လိုသဖြင့် တက္ကသိုလ်ရာဇဝင်အသင်းသားများနှင့်အတူ သထုံမြို့ဟောင်းဘက်ဆီသို့ ခရီးထွက်ကြကြောင်း၊ ကျန်းမာကြောင်း၊ သတိရကြောင်း စသည်တို့အပြင် မိမိတို့ စုပေါင်းထန်းလုပ်ငန်းအကြောင်းကို မေးထားလေသည်။ ထို့နောက် သူ့ထံမှ . . .”

❁ စာမျက်နှာ ၁၈ မှ

မင်းကြီးအား နောက်တစ်ဖန် မာဂဏ္ဍီက အရှင်ဂေါတမဘုရားအား ကြက်များချက်၍ ပို့စေပါဟု လျှောက်ထားသည်။ မင်းကြီးလည်း မာဂဏ္ဍီမိဖုရား ပြောဆိုသည့်အတိုင်း ဆောင်ရွက်စေသည်။

မင်းချင်းတို့ကလည်း မာဂဏ္ဍီ၏ တံစိုးလက်ဆောင်ကြောင့် ကြက်များသတ်၍ သွားပို့လေသည်။ သာမာဝတီမိဖုရားတို့သည်လည်း ထိုကြက်တို့ကိုချက်၍ ဘုရားရှင်ထံသို့ ပို့ကြလေသည်။ မာဂဏ္ဍီသည် ဤအကြောင်းကို မင်းကြီးထံသို့ အသိပေးအကြောင်းကြား ကုန်းချောသည်။ သို့သော် ဥတေနမင်းကြီးသည် စဉ်းစားချင့်ချိန်၍ သာမာဝတီမိဖုရားတို့အား အမျက်မထွက်ပါချေ။ မင်းကြီးသည် မိဖုရားတို့၏ အဆောင်ကိုသွားလေ့ရှိသည်။ မိဖုရားတစ်ဦး၏အဆောင်တွင် ခုနစ်ရက်စီနေလေသည်။ ယင်းသို့ သွားသောအခါ "ဟတ္ထိကန္တ"မည်သော စောင်းကို ယူသွားလေ့ရှိသည်။ ၎င်းစောင်းသည် အလွန်မှ တန်ခိုးကြီးသည်။

ဤသို့ဖြင့် ဥတေနမင်းကြီးသည် မာဂဏ္ဍီအဆောင်မှ သာမာဝတီမိဖုရားအဆောင် ကူးသောအခါ အလွန်အဆိပ်ပြင်းသည့် မြွေဟောက်တစ်ကောင်အား စောင်းထဲသို့ အလုံပိတ်၍ ထည့်ပေးလိုက်သည်။ ထို့အပြင် အမိုက်မ မာဂဏ္ဍီမိဖုရားက သာမာဝတီမိဖုရားသည် ဘုရားရှင်၏ အလုပ်အကျွေးဖြစ်ကြောင်း သတိထားသွားရန် မှာကြားလိုက်လေသည်။

ခုနစ်ရက်ကြာပြီး သာမာဝတီမိဖုရားထံမှ ပြန်ထွက်လာသောအခါ မာဂဏ္ဍီမိဖုရားသည် စောင်းကို လှုပ်လိုက်သောအခါ သွင်းထားသော မြွေဟောက်ထွက်လေသည်။ မာဂဏ္ဍီက ဤသို့ပြ၍ မင်းကြီးအား မကောင်းကြံကြောင်း ကုန်းချောလေသည်။ ထိုအခါ ဥတေနမင်းကြီးသည် သာမာဝတီအားခေါ်၍ အဆိပ်လူးမြားကို လေးတင်လျက်ပစ်လေသည်။ ထိုသို့ ပစ်သောအခါ သာမာဝတီမိဖုရားနှင့် အပေါင်းပါ မောင်းမငါးရာတို့သည် မင်းကြီးအား မေတ္တာပွား၍နေလေသည်။ မင်းကြီးက ပစ်သော်လည်း မြားမှာမထွက်ဘဲရှိလေသည်။ သာမာဝတီမိဖုရားက အခြားနေရာသို့ ပစ်ကြည့်ပါဟု လျှောက်လေသည်။ မြေပြင်သို့ မြားများကို ပစ်လွှတ်သောအခါ မြားများထွက်သောကြောင့် မင်းကြီးသည် အသက်မရှိသည့် မြားတောင်မိဖုရားကျေးဇူးသိလျက် အသက်ရှိသည့်သူက မသိဖြစ်ရမလားဟူ၍ဆိုပြီး မိဖုရားအား ပခုံးပေါ်တင်၍ ချစ်ခင်မြတ်နိုးသောအားဖြင့် မာဂဏ္ဍီမိဖုရား၏ ကုန်းချောစကားကြောင့် ပစ်မှားပြုမိကြောင်း တောင်းပန်လေသည်။ မင်းကြီးက ဘုရားရှင်အား ဖူးမြင်ခြင်း၊ လှူဒါန်းခြင်း၊ တရားနာခြင်းတို့ ခွင့်ပြုတော်မူလေသည်။ သာမာဝတီမိဖုရားတို့က အရှင်မင်းကြီး ဘုရားရှင်အား ဖူးတော်မူပါ။ သူတို့အား တရားပြသပေးနိုင်သော ရဟန်းတစ်ပါး စေလွှတ်ပေးရန် ဘုရားရှင်ထံလျှောက်ထားရန် မင်းကြီးကိုခွင့်တောင်းသည်။ သာမာဝတီမိဖုရား ပြောသည့်အတိုင်း မင်းကြီးက ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က အရှင်အာနန္ဒာကို စေလွှတ်တော်မူသည်။ သာမာဝတီမိဖုရားတို့ကလည်း တစ်လတစ်ခါ ရဟန်းသံဃာတို့အား သင်္ကန်းတို့ဖြင့် ပူဇော်ကြလေသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

■

## ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် မေ ၂**

(၃၂)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို မေ ၃ ရက် (ယနေ့) စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်သည်။

**လေးပွဲကျင်းပမည်**

ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မြန်မာ၊ မလေးရှား၊ အုပ်စု(ခ)တွင် အိမ်ရှင် ကမ္ဘောဒီးယား၊ ထိုင်း၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများကို တစ်ရက်တည်း လေးပွဲကျင်းပမည်ဖြစ်ပြီး မေ ၃ ရက်(ယနေ့) မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်နှင့် မလေးရှား၊ ထိုင်းနှင့် စင်ကာပူ၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသလို အဖွင့်ပွဲကိုလည်း ဖိလစ်ပိုင်အသင်းနှင့် စတင်ကစားရခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် သိသိသာသာတိုးတက်လာသည့်အသင်းဖြစ်ပြီး အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရခဲ့သည့် အသင်းဖြစ်သလို ၂၀၂၂ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုရယူနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းအနေဖြင့် အဖွင့်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ရန် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။

ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုပွဲများကို မေ ၃၊ ၆၊ ၉ သုံးရက်တွင် တစ်နေ့လျှင် လေးပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

ပူနွေးကမ္ဘာ တားဆီးရာ
ဖြေရှာတစ်ခု တောပြုစု။

## မန္တလေးမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်

**မန္တလေး မေ ၂**

(၇၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ကြီးမှူး၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် စုပေါင်း သွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် မီးသတ်ဦးစီးမှူးများ ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အင်အား ၂၀၀ တို့သည် အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားရင်ပြင်တော် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရောင်တော်ဖွင့်ခြင်းများကို ကုသိုလ်ပြုဆောင်ရွက်ကြသည်။

ထို့နောက် မန္တလေးပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်တွင် တပ်ဖွဲ့ဝင် ၁၀၀ က သွေးလှူဒါန်းကြရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများ၊ မိသားစုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ သစ်သစ်လှိုင်နှင့် ကော်မတီဝင်များ၊ သွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာစုလှိုင်ဦးတို့က လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။



**မန်းကိုယ်ပွား**

### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ အောင်တော်မူလမ်း၊ အမှတ်(၂၃)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်အနက်မှ အကျယ်အဝန်း ပေ(၁၂ ½ x ၅၀)ရှိ မြေညီထပ် (ဘယ်-ညာ)၊ တိုက်ခန်း(၂)ခန်းနှင့် ယင်းတိုက်ခန်းများရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်အေရှာခါတွန်(ခ)ဒေါ်အိုက်ရှာခါတွန် [၁၂/အစန(နိုင်)၀၄၄၆၆၂]၊ ဒေါ်သန်းသန်းစိုး[၁၂/စခန(နိုင်)၀၄၄၅၂၇]၊ ဒေါ်တင်တင်အေး [၁၂/စခန(နိုင်)၀၄၄၅၂၈]၊ ဒေါ်တင်တင်လှိုင် [၁၂/စခန(နိုင်)၀၅၄၈၁၁]တို့မှ (၂၀-၅-၂၀၀၅) ရက်စွဲပါ "အပြီးအပိုင်အမွေခွဲဝေလွှဲပြောင်းပေးကမ်းခြင်းစာချုပ်" အရ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်သန်း (ခ) အလီဟူစိန် [၆/ကသန(နိုင်)၀၀၂၄၇၁]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းသီတာဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၂၀)**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၈၀၀၀၅၄၀၆၀၊ ၀၉-၇၅၉၂၆၀၂၇၇**

### တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)၏ ကြီးကြပ်မှုအောက်ရှိ အောက်ဖော်ပြပါ အဆောက်အဦ/မြေနေရာများအငှားချထားခြင်းနှင့် သန့်စင်ခန်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းတို့အား တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot-No | တည်နေရာ | အတိုင်းအတာ |
| --- | --- | --- | --- |
| (က) | Lot-1 | အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ | ၁၅'x၁၅' |
| (ခ) | Lot-2 | ဘုရင့်နောင်လမ်း၊ ရိုးကြီးချောင်းဘေး | ၁၅'x၁၅' |
| (ဂ) | Lot-3 | ॥ | ၁၅'x၁၅' |
| (ဃ) | Lot-4 | ॥ | ၁၅'x၁၅' |
| (င) | Lot-5 | ॥ | ၁၅'x၁၅' |
| (စ) | Lot-6 | ॥ | ၁၅'x၁၅' |
| (ဆ) | Lot-7 | ॥ | ၁၅'x၁၅' |
| (ဇ) | Lot-8 | ॥ | ၁၅'x၁၅' |
| (ဈ) | Lot-9 | ॥ | ၁၀'x၁၅' |
| (ည) | Lot-10 | ॥ | ၁၀'x၁၅' |
| (ဋ) | Lot-11 | ॥ | ၂၀'x၁၂' |
| (ဌ) | Lot-12 | ॥ | ၂၄'x၁၂' |
| (ဍ) | Lot-13 | ॥ | ၁၅'x၁၅' |
| (ဎ) | Lot-14 | ॥ | ၀.၂၃၅ ဧက |
| (ဏ) | Lot-15 | သာကေတတံတားဟောင်းပေါ်ရှိပန်းခြံ၊ Linear Park အတွင်းရှိ အများပြည်သူသုံး သန့်စင်ခန်း (၅)ခန်းတွဲ (၂)ခု အသုံးပြုခကောက်ခံခြင်းလုပ်ငန်း | |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (မြို့တော်ခန်းမ)၊ ဒုတိယထပ်ရှိ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

တင်ဒါရောင်းချမည့်ရက် - ၅-၅-၂၀၂၃ (သောကြာနေ့)
တင်ဒါအရောင်းပိတ်မည့်ရက် - ၂၂-၅-၂၀၂၃ (တနင်္လာနေ့) (၁၃:၀၀ နာရီ)
တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက် - ၂၄-၅-၂၀၂၃ (ဗုဒ္ဓဟူးနေ့) (၁၀:၀၀ နာရီ)
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - မြို့တော်ခန်းမ ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၀/မြို့မမြောက်ရပ်၊ မြေရေိယာ(-) ဧက၊ မြေကွက်အမှတ်(ပ-၅၂၁)၊ ဦးကျော်ဝင်းအဘအမည်၊ ဦးကံပေါ်၊ [၉/ပဗသ(နိုင်)၀၀၃၉၇၀]၊ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ဆုသက်ဝေ၊ အဘအမည်၊ ဦးတင်အေး၊ [၈/မကန(နိုင်)၁၄၅၀၃၀] မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၀/မြို့မမြောက်ရပ်၊ မြေရေိယာ( )ဧက၊ မြေကွက်အမှတ် (ပ-၅၁၉)၊ ဒေါ်သန်းကြည်အဘအမည်၊ ဦးဖိုးရင်၊[၉/တကန(နိုင်)၀၁၂၇၅၁]၊ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ဆုသက်ဝေ၊ အဘအမည်၊ ဦးတင်အေး၊ [၈/မကန(နိုင်)၁၄၅၀၃၀]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွှေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၁ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြရန်တိုက်တွန်းအပ်...**

❖ **သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရေး၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရေး၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးတို့အတွက် မိမိတို့အနေဖြင့် ဘက်ပေါင်းစုံက အလေးထားဆောင်ရွက်လျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင်ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## မေ ၁ ရက်မှစ၍ မြန်မာနိုင်ငံအတွင်း၌ အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားနေသော အိုမီခရွန်မျိုးကွဲ Arcturus စတင်ကူးစက်သော်လည်း ယခင်ဖြစ်ပေါ်ခဲ့သည့် အိုမီခရွန်ကူးစက်မှုအနေအထားများနှင့် နှိုင်းယှဉ်ပါက စိုးရိမ်ဖွယ်ရာမရှိသည်ကို တွေ့ရှိရ

နေပြည်တော် မေ ၂

ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

## ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်း တီမောအသင်းကို အနိုင်ရ



မြန်မာအသင်း တိုက်စစ်ကစားသမား ဟိန်းထက်အောင် တီမောဘက်သို့ ထိုးဖောက်နေစဉ်။

ရန်ကုန် မေ ၂

(၃၂)ကြိမ်မြောက် ကမ္ဘောဒီးယားဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က) ဒုတိယနေ့ကို မေ ၂ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း နိုင်ပွဲရရှိခဲ့သည်။ စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❖

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ အသက် ၂၂ နှစ်အောက် မြန်မာအမျိုးသားဘောလုံးအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ ယှဉ်ပြိုင်မှုကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားနည်းများအနက် အသက် ၂၂ နှစ်အောက် အမျိုးသား ဘောလုံးအားကစားပြိုင်ပွဲ၏ အုပ်စုအဆင့်ပြိုင်ပွဲများကို ဧပြီ ၂၉ ရက်မှ စတင်ကျင်းပလျက်ရှိသည်။

အဆိုပါ အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ၏ အုပ်စု(က)မှ မြန်မာအမျိုးသား ဘောလုံးအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည် မေ ၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်ကို MRTV HD Channel၊ MRTV Sports Channel၊ MRTV Parliament Channel၊ MRTV Farmers’ Channel နှင့် မြန်မာ့အသံရေဒီယိုတို့က တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်